# ကြေးမုံ

**The Mirror Daily**

Established in 1957


## အမြဲတည်ခြင်းသည် မရှိချေ

အရိုးစု ၃၀၀ တို့ဖြင့် ဖွဲ့စည်းထားအပ်သော ဤခန္ဓာကိုယ်သည် အဆန်းတကြယ်ပြုလုပ်အပ်သော အရုပ်နှင့်တူ၏။ နာကျင်တတ်သောသဘောရှိ၏။ ယင်းခန္ဓာကိုယ်သည် ကုန်ဆုံးပျက်စီးခြင်းသို့ ရောက်ရ၏။ အမြဲတည်ခြင်းသည် မရှိချေ။ (ခန္ဓာကိုယ်သည် ကုန်ဆုံးပျက်စီး၍ အတည်မဲ့သောသဘောရှိသဖြင့် မစွဲလမ်း မနှစ်သက်အပ်ချေ။)

ဇရာဝဂ်(ဓမ္မပဒ-၁၄၇)


၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၃ ရက်၊ စနေနေ့။ Saturday, 30 January 2021 ၁၀၂၇၃


## COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီမှ အသိပေးကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး
အမျိုးသားအဆင့်ဗဟိုကော်မတီမှ အသိပေးကြေညာချက်

၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၂ ရက်
(၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်)

Coronavirus Disease 2019 (COVID-19) ရောဂါပိုးကူးစက်ပျံ့နှံ့မှုကို ဆက်လက်ထိန်းချုပ်ဆောင်ရွက်ရန် လိုအပ်ပါသဖြင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ တားဆီးရေးအတွက် ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့အထိ ထုတ်ပြန်ထားသော ပြည်သူသို့ပန်ကြားချက်၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များ (ဖြေလျှော့/တိုးမြှင့်ရန် လိုအပ်သည့်ကိစ္စရပ်များ မပါ)အား ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့အထိ ရက်တိုးမြှင့်သတ်မှတ်ဆောင်ရွက်ထားပါကြောင်း အသိပေးကြေညာအပ်ပါသည်။

# ဒုတိယသမ္မတ ဦးမြင့်ဆွေ ခါကာဘိုရာဇီ ဇီဝမျိုးစုံမျိုးကွဲသုတေသနစာတိုက်ခွဲခန်း၊ ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေး ပညာပေးပြခန်းနှင့် မဂ္ဂဇ-ခေါင်လန်ဖူးလမ်း ဖောက်လုပ်နေမှုအား ကြည့်ရှုစစ်ဆေး



ပူတာအို ဇန်နဝါရီ ၂၉

ဒုတိယသမ္မတ ဦးမြင့်ဆွေသည် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်စိုးတင့်နိုင်နှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ရဲမြင့်ဆွေ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် တပ်မတော်အထူးလေယာဉ်ဖြင့် နေပြည်တော်မှ ကချင်ပြည်နယ် ပူတာအိုမြို့သို့ ရောက်ရှိရာ ကချင်ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ် ဒေါက်တာခက်အောင်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ဒုတိယသမ္မတသည် ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်အုပ်ချုပ်ရေးမှူးရုံးသို့ ရောက်ရှိပြီး ခါကာဘိုရာဇီ ဇီဝမျိုးစုံမျိုးကွဲသုတေသနစာတိုက်ခွဲခန်းနှင့် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေး ပညာပေးပြခန်းတို့ကို ကြည့်ရှုစစ်ဆေးရာ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော်နှင့် တောအုပ်ကြီး ဒေါ်အယ်လ်ကေစီယွန်းတို့က ရှင်းလင်းတင်ပြကြသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ✻

ဒုတိယသမ္မတ ဦးမြင့်ဆွေ ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်ရှိ ဇီဝမျိုးစုံမျိုးကွဲ ပညာပေးပြခန်း အတွင်း ကြည့်ရှုစစ်ဆေးစဉ်။

## တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ကျင်းပမည့်ရက် ပြင်ဆင်

နေပြည်တော် ဇန်နဝါရီ ၂၉

တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ကျင်းပမည့်ရက်ကို နေပြည်တော်၌ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်(တနင်္လာနေ့)နံနက် ၁၀ နာရီ အစား ဖေဖော်ဝါရီ ၂ ရက်(အင်္ဂါနေ့)နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်


## ကြေးမုံ ယနေ့ ဖတ်စရာ

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများက မေတ္တာရပ်ခံချက် ထုတ်ပြန် — စာမျက်နှာ » ၃

အတိတ်တစ်ခွင် အရိပ်ထင်ခဲ့သမျှ — စာမျက်နှာ » ၆

ဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ်အမျိုးအစား သုံးမျိုးအပေါ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ သတိပေးချက်ထုတ်ပြန် — စာမျက်နှာ » ၁၃





## ကြေးမုံ

# ပြည်ထောင်စုစိတ်ဓာတ်ဖြင့် တည်ဆောက်

(၂၀) ရာစု ပြည်ထောင်စုကို တည်ဆောက်ခဲ့ရာ၌ ညီညွတ်ရေးသည် အရေးအကြီးဆုံးဖြစ်သည်။ (၂၁) ရာစု ပြည်ထောင်စုကို တည်ဆောက်ရာ၌ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးသည် အရေးအပါဆုံးဖြစ်သည်။ (၂၀) ရာစုခေတ်က လွတ်လပ်ရေးအတွက် တိုင်းရင်းသားပြည်သူအားလုံး သွေးစည်းညီညွတ်ရေးကို အခိုင်အမာတည်ဆောက်နိုင်ခဲ့သည်။ (၂၁) ရာစုခေတ်တွင် ပြည်ထောင်စုအတွက် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးကို တည်ဆောက်နေကြသည်။

လွတ်လပ်ရေးအတွက်ဖြစ်စေ၊ ငြိမ်းချမ်းရေးအတွက်ဖြစ်စေ၊ ဖွံ့ဖြိုးရေးအတွက်ဖြစ်စေ ညီညွတ်ရေးသည် ပြည်ထောင်စုကြီး ကောင်းရာကောင်းကျိုးအတွက်ဆိုလျှင် မည်သည့်အရေးကိစ္စတွင်မဆို အရေးကြီးပေသည်။ ဤညီညွတ်ရေးသည် ပြည်ထောင်စုစိတ်ဓာတ်ပင် ဖြစ်သည်။ ပြည်ထောင်စုစိတ်ဓာတ်သည် ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ တိုင်းရင်းသားပြည်သူအားလုံး တစ်စိတ်တစ်ဝမ်းတည်း၊ တန်းတူညီမျှ အေးအတူပူအမျှ အတူတကွနေထိုင်နိုင်ကြရမည်ဟူသည့် ခံယူချက်လည်း ဖြစ်သည်။

ဤပြည်ထောင်စုစိတ်ဓာတ်အဆိုသည် တရားမျှတလျော်ကန်သင့်မြတ်သည့် အားလုံးထာဝရလိုက်နာကျင့်သုံးအပ်သော သဘောတရား ဖြစ်သည်။ ဤပြည်ထောင်စုစိတ်ဓာတ် အမှန်တကယ်ထွန်းကားပါလျှင် တိုင်းပြည်လည်း ငြိမ်းချမ်းသာယာဝပြောမည်မှာ သေချာပါသည်။ ပြည်ထောင်စုနိုင်ငံတွင် ပြည်ထောင်စုစိတ်ဓာတ်သည် အဓိကအကျဆုံး အနှစ်သာရဖြစ်ပါသည်။ ဤစိတ်ဓာတ်သာ ထားရှိနိုင်မည်ဆိုပါက ပြည်ထောင်စုကြီး ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးရေးတို့သည် ကျွဲကူးလျှင်ရေပါသလို အတူလိုက်ပါဖြစ်ထွန်းမည်ဖြစ်သည်။

(၂၀) ရာစုခေတ်က ဤပြည်ထောင်စုစိတ်ဓာတ် ထားရှိသောကြောင့် လွတ်လပ်ရေးအောင်ပန်းကို လက်ဝယ်ပိုင်ပိုင် ရရှိခဲ့သည်မဟုတ်ပါလော။ တိုင်းရင်းသားအားလုံးတို့သည် ပြည်ထောင်စုစိတ်ဓာတ်ထားရှိကြပြီး ယုံကြည်မှုအပြည့်အဝတည်ဆောက်ကြသဖြင့် လွတ်လပ်သောနိုင်ငံတော်ကြီး ပေါ်ပေါက်ခဲ့သည်မဟုတ်ပါလော။ လွတ်လပ်သော နိုင်ငံတော်ကြီး ပေါ်ပေါက်ပြီးနောက် ငြိမ်းချမ်းရေး မတည်ဆောက်နိုင်သည်မှာ ပြည်ထောင်စုစိတ်ဓာတ်ကို မတည်ဆောက်နိုင်ခြင်းကြောင့်ဟု ဆိုရမည်လော။ ယင်းတို့သည် ပြည်ထောင်စုကြီးအနာဂတ်အတွက် ထုတ်ဖော်လိုသည့်မေးခွန်းများ ဖြစ်သည်။

ဆိုခဲ့သည့် ပြည်ထောင်စုစိတ်ဓာတ်ကို ထားရှိကြမည်ဆိုပါက ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင်နေထိုင်သည်ဖြစ်စေ ငြိမ်းချမ်းသာယာဖွံ့ဖြိုးခြင်းတို့ကို အားလုံးအတူတကွ တန်းတူညီမျှရရှိခံစားနိုင်ကြရေးကို နိုင်ငံတော်အနေဖြင့် ဆောင်ကြဉ်းပေးနိုင်မည်ဖြစ်သည်။ တိုင်းရင်းသားများကလည်း ပြည်ထောင်စုစိတ်ဓာတ်ထားရှိကြပြီး နိုင်ငံတော်ကလည်း တန်းတူညီမျှဖွံ့ဖြိုးရေးကို ဆောင်ကြဉ်းပေးနိုင်ပါလျှင် ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင်မဆို အေးချမ်းသာယာဖွံ့ဖြိုးတိုးတက်နေမည် ဖြစ်သည်။ တိုင်းရင်းသားပြည်သူအားလုံး လုံခြုံစိတ်ချအာမခံမှုအပြည့်ရှိသည့် လူမှုစီးပွားဘဝများကို ရရှိပိုင်ဆိုင်ကြပြီး စိတ်ချမ်းသာလန်းဖြာကြကာ အေးချမ်းသာယာဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး ပေါ်ပေါက်လာမည်ဖြစ်သည်။

ယနေ့ကာလတွင် နိုင်ငံတော်အစိုးရက ငြိမ်းချမ်းရေးကို အခိုင်အမာတည်ဆောက်နိုင်ရန် ပုံဖော်လမ်းခင်းပေးလျက်ရှိသည်။ ဖွံ့ဖြိုးတိုးတက်မှုများကို အကြားအလပ်မရှိအောင် ရှာဖွေဖော်ထုတ် အကောင်အထည်ပေါ်အောင် ကြိုးစားအားထုတ်လျက်ရှိသည်။ တိုင်းရင်းသားများအားလုံး ပြည်ထောင်စုစိတ်ဓာတ် ထားရှိနိုင်ရေးသည် အရေးကြီးသည်။ ယုံကြည်မှုဖြင့် ပြည်ထောင်စုစိတ်ဓာတ်ကို တည်ဆောက်ကြရမည်ဖြစ်သည်။ သူ့မယုံ၊ ကိုယ့်မယုံ ယုံကြည်မှုကို မတည်ဆောက်နိုင်လျှင် ပြည်ထောင်စုတစ်ဝန်းလုံး ငြိမ်းချမ်းရေး၊ တန်းတူညီမျှ ဖွံ့ဖြိုးရေး၊ တန်းတူညီမျှခံစားရေးတို့ အလှမ်းဝေးနေဦးမည်။

ဤပြည်ထောင်စုစိတ်ဓာတ် ခိုင်မာအားကောင်းမှုကြောင့် တိုင်းရင်းသားလူမျိုးတို့အား နယ်ချဲ့တို့က အမျိုးမျိုးအဖုံဖုံသွေးခွဲသော်လည်း သွေးမကွဲဘဲ စည်းလုံးညီညွတ်ခဲ့ကြသည်။ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် တိုင်းရင်းသားလူမျိုးအသီးသီးတို့၏ စည်းလုံးညီညွတ်ရေးကို အထင်အရှားပြသသည့် ပင်လုံစာချုပ်ကို ချုပ်ဆိုနိုင်ခဲ့သည်။ ဤအောင်မြင်မှုသည် ပြည်ထောင်စုစိတ်ဓာတ်ကို အခိုင်အမာတည်ဆောက်နိုင်သောကြောင့် ရရှိလာခြင်းဖြစ်သည်။

သို့ဖြစ်ရာ လွတ်လပ်ရေး ရယူရေး၊ လွတ်လပ်ရေး ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး၊ ငြိမ်းချမ်းရေးတည်ဆောက်ရေး၊ ဖွံ့ဖြိုးရေး ဆောင်ရွက်ရေးစသည့်တိုင်းပြည်အတွက် အရေးကြီးကိစ္စအဝဝတို့ကို ဆောင်ရွက်ရာတွင် ပြည်ထောင်စုစိတ်ဓာတ်သည် အရေးအပါဆုံး ဖြစ်သည်။ မည်သည့်နေရာ၊ မည်သည့်အချိန်ကာလတွင်မဆို ပြည်ထောင်စုစိတ်ဓာတ်သည် ပြည်ထောင်စုသားအားလုံး ဘဝရှင်သန်မှု၊ ဘဝပျော်ရွှင်ချမ်းမြေ့မှုခွန်အားဖြစ်စေသည်။ ပြည်ထောင်စုစိတ်ဓာတ် အားလုံးထားရှိနိုင်မှသာ အားလုံးမျှဝေခံစားနိုင်မည့် ငြိမ်းချမ်းမှု၊ ဖွံ့ဖြိုးမှုကို ရရှိနိုင်လိမ့်မည်ဟု ယုံကြည်ရှုမြင်ကြရမည်ဖြစ်သည်။ ။

# ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC)သို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ အလှူငွေများ ပေးအပ်လှူဒါန်း

**နေပြည်တော် ဇန်နဝါရီ ၂၉**

ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC)၏ လုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် တရုတ်ပြည်သူ့ သမ္မတနိုင်ငံမှ လှူဒါန်းသည့် အမေရိကန်ဒေါ်လာသုံးသိန်း ပေးအပ်ပွဲကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာ ချန်းဟိုင်က တရုတ်-မြန်မာ ချစ်ကြည်ရေးကို ရှေးရှုလျက် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီသို့ အလှူငွေပေးအပ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး အလှူငွေများကိုပေးအပ်ရာ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က လက်ခံရယူပြီး ကျေးဇူးတင်ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။




ထို့နောက် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)တွင် လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် ဆောင်ရွက်လျက်ရှိသော အခြေအနေများနှင့် NCA တွင် လက်မှတ်မရေးထိုးရသေးသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ ပါဝင်လက်မှတ်ရေးထိုးနိုင်ရေး ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားကာ အလှူငွေ ပေးအပ်လှူဒါန်းသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

## ဒို့ ညီနောင်ထု တည်ထောင်ပြု ပြည်ထောင်စုနေ့ ဒို့မမေ့။

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၉-၁-၂၀၂၁)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၆၀၀ | ၉,၇၀၀ | ၃,၀၂၁ | ၂၈,၉၅၁,၈၀၀ |
| MTSH | ၃,၉၀၀ | ၃,၉၀၀ | ၉၇၉ | ၃,၇၈၀,၆၀၀ |
| MCB | ၈,၂၀၀ | ၈,၂၀၀ | ၀ | ၀ |
| FPB | ၂၂,၀၀၀ | ၂၂,၀၀၀ | ၁၁၈ | ၂,၅၉၆,၅၀၀ |
| TMH | ၂,၇၀၀ | ၂,၇၀၀ | ၂၂၆ | ၆၁၀,၂၀၀ |
| EFR | ၃,၆၀၀ | ၃,၆၀၀ | ၂၄ | ၈၆,၉၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဇန်နဝါရီ ၂၉

ရန်ကုန်(ရွှေဈေး) ၁၃၂၂၀၀၀ မန္တလေး(ရွှေဈေး) ၁၃၂၂၀၀၀

| စက်သုံးဆီအမျိုးအစား | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၆၇၀/၇၁၀ ကျပ် | ၇၁၀/၇၂၀ ကျပ် |
| (ခ) ဒီဇယ် | တစ်လီတာ | ၆၆၀/၆၉၅ ကျပ် | ၆၉၅/၇၀၅ ကျပ် |
| (ဂ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၅၀/၇၇၀ ကျပ် | ၈၁၅/၈၃၀ ကျပ် |
| (ဃ) အောက်တိန်း ၉၂ | တစ်လီတာ | ၆၂၅/၆၅၅ ကျပ် | ၆၉၀/၆၉၅ ကျပ် |

ရန်ကုန် လက်ကားဈေး

| | | |
|---|---|---|
| ဒီဇယ် | တစ်လီတာ | ၅၈၀/၅၉၀ ကျပ် |
| အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၉၅/၆၀၀ ကျပ် |
| အောက်တိန်း ၉၂ | တစ်လီတာ | ၅၈၀/၅၈၅ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၃၁.၂ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၆၁၂.၉ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၀၆.၄၅ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၄.၄၅ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၂၉.၁၀ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၈.၂၅ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၁၉.၄ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၀၁.၂ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၂၇၂.၂ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၉.၂၁ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
သတင်းထောက်မှူး - ဦးမြင့်စိုး
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဦးဝေမင်းသူနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်း၊ ဒေါ်ချောစုလှိုင်နှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦး၊ ဦးအောင်ကျော်ဖြိုးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူသာလျှင် အဓိက

## နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဆရာတော်ကြီးများက မေတ္တာရပ်ခံချက် ထုတ်ပြန်

**နေပြည်တော် ဇန်နဝါရီ ၂၉**

ကိုဗစ် - ၁၉ ရောဂါဖြစ်ပွားမှုအခြေအနေအရ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဆရာတော်ကြီးများသည် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ ကျောင်းတိုက်များတွင် သီတင်းသုံးနေထိုင်လျက်ရှိပြီး ယနေ့ မွန်းလွဲ ၂ နာရီတွင် အွန်လိုင်းအစည်းအဝေး ကျင်းပခဲ့ကြသည်။

အစည်းအဝေးတွင် ကျင်းပပြီးစီးခဲ့သော ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကို အကြောင်းပြု၍ နိုင်ငံတော်တွင် ယနေ့ဖြစ်ပေါ်နေသော အခြေအနေများကို ရဟန်းရှင်လူပြည်သူများ စိုးရိမ်ကြောင့်ကြ နှလုံးစိတ်ဝမ်း မအေးချမ်းဘဲရှိနေကြသည့်ကိစ္စနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဆရာတော်ကြီး များက သဘောတူဆုံးဖြတ်ထားသည့် မေတ္တာရပ်ခံချက်တစ်စောင်ကို ထုတ်ပြန်ခဲ့သည်။

အဆိုပါ မေတ္တာရပ်ခံချက်မှာ -

ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်
နိုင်ငံတော် သံဃမဟာနာယကအဖွဲ့
မဟာနာယကကျောင်းတော်ကြီး၊ ကမ္ဘာအေးကုန်းမြေ၊ ရန်ကုန်မြို့

စာအမှတ်၊ ၀၀၁/၄၇-၀၂/၅/သာ-မဟန
ရက်စွဲ၊ ၁၃၈၂ - ခုနှစ်၊ ပြာသိုလပြည့်ကျော် ၂ ရက်
(၂၀၂၁ - ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်)

**မေတ္တာရပ်ခံချက်**

၁။ ယခုအချိန်ကာလသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်း ကမ္ဘာ့ကပ်ရောဂါ(Covid-19)ကို ပြည်သူအပေါင်းတို့ရင်ဆိုင်ခံစားနေကြရ၍ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး အစရှိသည့် ကဏ္ဍအသီးသီးတွင် အခက်အခဲများစွာခံစားနေကြရသည့် အချိန်ကာလဖြစ်ပါသည်။

၂။ ထိုသို့သောအခြေအနေမျိုးတွင် ကျင်းပပြီးစီးခဲ့သော ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကို အကြောင်းပြု၍ နိုင်ငံတော်တွင် ယနေ့ဖြစ်ပေါ်နေသောသတင်းများအရ ရဟန်းရှင်လူပြည်သူများသည် စိုးရိမ်ကြောင့်ကြနှလုံးစိတ်ဝမ်းမအေးချမ်းဘဲ ရှိနေကြကြောင်း သိရှိရပါသည်။

၃။ **ဝိဝါဒံ ဘယတော ဒိသွာ၊ အဝိဝါဒဉ္စ ခေမတော၊**
**သမဂ္ဂါ သခိလာ ဟောထ၊ ဧသာ ဗုဒ္ဓါ နုသာသနီ-**

ဟူသောဒေသနာတော်အရ ငြင်းခုံခြင်းကိုဘေးဟုရှုမြင်ကြလျက် စေ့စပ်ညှိနှိုင်းအဖြေရှာခြင်းကို ချမ်းသာကြောင်းတရားဟု ခံယူကြလျက် ညီညွတ်စွာ စေ့စပ်ညှိနှိုင်းဆောင်ရွက်နိုင်ရေး လွန်စွာလိုအပ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ တပ်မတော်၊ နိုင်ငံရေးပါတီများနှင့် အများပြည်သူ ဒါယကာ၊ ဒါယိကာမများအနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်းသာယာဝပြောစေရေးကို ရှေးရှုကြလျက် လက်ရှိဖြစ်ပေါ်နေသောကိစ္စအရပ်ရပ်တို့ကို မိမိတို့၏ ဆန္ဒကိုငြင်းခုံမှုမပြုကြဘဲ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းများနှင့်အညီ ငြိမ်းချမ်းစွာ ညှိနှိုင်းအဖြေရှာ ဆောင်ရွက်ကြရန် မေတ္တာရပ်ခံအပ်ပါသည်။

ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ
အဘိဓဇမဟာရဋ္ဌဂုရု၊
အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက
ဥက္ကဋ္ဌဆရာတော်

ဒေါက်တာဘဒ္ဒန္တနန္ဒမာလာဘိဝံသ
အဂ္ဂမဟာပဏ္ဍိတ၊
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ
အကျိုးတော်ဆောင်ဆရာတော်

ဘဒ္ဒန္တသုမင်္ဂလာလင်္ကာရ
အဘိဓဇမဟာရဋ္ဌဂုရု
ဒုတိယဥက္ကဋ္ဌဆရာတော်

ဘဒ္ဒန္တနိဂြောဓ
အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက
ဒုတိယဥက္ကဋ္ဌဆရာတော်

ဘဒ္ဒန္တအဂ္ဂဓမ္မ
အဂ္ဂမဟာပဏ္ဍိတ၊
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊
ဒွိပိဋကဓရ
ဒုတိယဥက္ကဋ္ဌဆရာတော်

ဘဒ္ဒန္တကေသရာဘိဝံသ
အဂ္ဂမဟာပဏ္ဍိတ၊
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊
ဒုတိယဥက္ကဋ္ဌဆရာတော်

ဘဒ္ဒန္တနန္ဒသာရ
အဂ္ဂမဟာပဏ္ဍိတ၊
ဒုတိယဥက္ကဋ္ဌဆရာတော်

ဘဒ္ဒန္တကောဝိဒ
အဂ္ဂမဟာပဏ္ဍိတ၊
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ
ဒုတိယဥက္ကဋ္ဌဆရာတော်

ဘဒ္ဒန္တဓမ္မာစာရ
အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ
တွဲဖက်အကျိုးတော်ဆောင်ဆရာတော်

ဒေါက်တာဘဒ္ဒန္တ[illegible]သာရ
အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ
တွဲဖက်အကျိုးတော်ဆောင်ဆရာတော်

ဘဒ္ဒန္တသီလာစာရာဘိဝံသ
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ
တွဲဖက်အကျိုးတော်ဆောင်ဆရာတော်

ဒေါက်တာဘဒ္ဒန္တ[illegible]တာလင်္ကာရ
အဂ္ဂမဟာပဏ္ဍိတ၊
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊
မဟာဓမ္မကထိကဗဟုဇနဟိတဓရ
တွဲဖက်အကျိုးတော်ဆောင်ဆရာတော်

ဘဒ္ဒန္တသောဓိလ
အဂ္ဂမဟာပဏ္ဍိတ၊
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ
တွဲဖက်အကျိုးတော်ဆောင်ဆရာတော်

ဒေါက်တာဘဒ္ဒန္တတေဇောသာရာဘိဝံသ
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ
အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ
ဓမ္မကထိကဗဟုဇနဟိတဓရ

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို)
ကမ်းနားလမ်းနှင့် (၅၉)လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း- ၀၁ ၉၀၁၀၈၂၃

**မေတ္တာရပ်ခံချက်**

၁။ ယခုအချိန်ကာလသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်း ကမ္ဘာ့ကပ်ရောဂါ Covid-19 ကို ပြည်သူအပေါင်းတို့ ရင်ဆိုင်ခံစားနေကြရ၍ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးအစရှိသည့် ကဏ္ဍအသီးသီးတွင် အခက်အခဲများစွာ ခံစားနေကြရသည့် အချိန်ကာလဖြစ်ပါသည်။

၂။ ထိုသို့သော အခြေအနေမျိုးတွင် ကျင်းပပြီးစီးခဲ့သော ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကို အကြောင်းပြု၍ နိုင်ငံတော်တွင် ယနေ့ဖြစ်ပေါ်နေသော သတင်းများအရ ရဟန်းရှင်လူပြည်သူများသည် စိုးရိမ်ကြောင့်ကြနှလုံးစိတ်ဝမ်း မအေးချမ်းဘဲ ရှိနေကြကြောင်း သိရှိရပါသည်။

၃။ ငြင်းခုံခြင်းကို ဘေးဟု ရှုမြင်ကြလျက် စေ့စပ်ညှိနှိုင်းအဖြေရှာခြင်းကို ချမ်းသာကြောင်းတရားဟု ခံယူကြလျက် ညီညွတ်စွာ စေ့စပ်ညှိနှိုင်းဆောင်ရွက်နိုင်ရေး လွန်စွာလိုအပ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြကုန်သော ဘာသာပေါင်းစုံမှ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်းသာယာဝပြောစေရေးကို ရှေးရှုကြလျက် လက်ရှိဖြစ်ပေါ်နေသော ကိစ္စအရပ်ရပ်တို့ကို မိမိတို့၏ ဆန္ဒကို ငြင်းခုံမှုမပြုကြဘဲ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းများနှင့်အညီ ငြိမ်းချမ်းစွာ ညှိနှိုင်းအဖြေရှာဆောင်ရွက်ကြရန် မေတ္တာရပ်ခံအပ်ပါသည်။

**မြန်မာနိုင်ငံဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)**



ဒုတိယသမ္မတ ဦးမြင့်ဆွေ မေခမြစ်ကူးရီဒမ်းကြိုးတံတားပေါ်၌ ဖြတ်သန်းကြည့်ရှုစစ်ဆေးစဉ်။

* ရှေ့ဖုံးမှ

ဆက်လက်၍ ဒုတိယသမ္မတသည် ခါကာဘိုရာဇီ အမျိုးသားဥယျာဉ် အုပ်ချုပ်ရေးမှူးရုံး ရှင်းလင်းဆောင်သို့ရောက်ရှိရာ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော်က မြန်မာနိုင်ငံမြောက်ဖျားဒေသရှိ သဘာဝထိန်းသိမ်းရေးနယ်မြေဆိုင်ရာများ၊ ပူတာအိုခရိုင်၏ သစ်တောဖုံးလွှမ်းမှုအခြေအနေ၊ ခါကာဘိုရာဇီအမျိုးသားဥယျာဉ်ဆိုင်ရာအချက်အလက်များ၊ ဥယျာဉ်အတွင်း ဇီဝမျိုးစုံမျိုးကွဲများတည်ရှိမှုအခြေအနေ၊ ဥယျာဉ်စီမံအုပ်ချုပ်မှုအခြေအနေ၊ သုတေသနအခွင့်အလမ်းများနှင့် ပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

**လမ်းညွှန်မှာကြား**

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယသမ္မတက အပူပိုင်းသစ်တောများမှ အအေးပိုင်းသစ်တောများအထိ တည်ရှိပေါက်ရောက်နေသော ကွဲပြားခြားနားသည့် သစ်တောအမျိုးအစား၊ ပေါက်ရောက်သည့် အပင်မျိုးစုံနှင့် ကျက်စားနေကြသည့် တောရိုင်းတိရစ္ဆာန်မျိုးစုံတို့ကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားရေး၊ ဧရာဝတီမြစ်၏ ရေဝေဖြစ်သည့် မလိခမြစ် မြစ်ဖျားခံရာဒေသအား သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေး၊ အပင်နှင့် တိရစ္ဆာန်မျိုးစိတ်သစ်များ ရှာဖွေဖော်ထုတ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်သွားရေးနှင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးသွားနိုင်ရေးတို့ကို လမ်းညွှန်မှာကြားသည်။

ယင်းနောက် ဒုတိယသမ္မတသည် ခါကာဘိုရာဇီ အမျိုးသားဥယျာဉ် အုပ်ချုပ်ရေးမှူးရုံး ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ဒုတိယသမ္မတသည် ခါကာဘိုရာဇီ ဒေသရင်းသစ်ခွမျိုးစိတ်ခြံကို ကြည့်ရှုလေ့လာရာ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော်နှင့် တောအုပ်ကြီး ဒေါ်အယ်လ်ကေစီယွန်းတို့က ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့်အဖွဲ့သည် တပ်မတော်ရဟတ်ယာဉ်များဖြင့် ပူတာအိုမြို့မှ ခေါင်လန်ဖူးမြို့သို့ ရောက်ရှိကြပြီး မြို့နယ်ခန်းမ၌ ဒုတိယသမ္မတက ခေါင်လန်ဖူးမြို့နယ်အတွင်းရှိ အိမ်ထောင်စု ၈၉၅ စုအတွက် တစ်အိမ်ထောင်လျှင် ဆန်ရှစ်ပြည်၊ တစ်လီတာဝင် ဆီတစ်ဘူး၊ ဆား ၂၅ ကျပ်သားစီကို မြို့မိမြို့ဖများဖြစ်ကြသည့် ဦးဆာရ်ဝမ်ဖေရမ်နှင့် ဦးဂျေဇာဒီးတို့ကို လည်းကောင်း၊ မြို့နယ်အတွင်းရှိ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၄၇၂ ဦးအတွက် ကျောင်းဝတ်စုံ ၄၇၂ စုံနှင့် ဗလာစာအုပ် ၄၇၂ ဒါဇင်ကို ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများကိုယ်စား မြို့နယ်ပညာရေးမှူး ဦးစိုးနီကို လည်းကောင်း၊ မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းအိမ်ထောင်စု ၈၃ စုအတွက် တစ်အိမ်ထောင်လျှင် ငါးခြောက် ၂၅ ကျပ်သားစီကို ဝန်ထမ်းအိမ်ထောင်စုများကိုယ်စား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုဝင်းကို လည်းကောင်း ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ဒေသခံတိုင်းရင်းသားများအတွက် တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများက ထောက်ပံ့သည့် စားသောက်ဖွယ်ရာများနှင့် တပ်မတော်စက်ရုံထုတ် လူသုံးကုန်ပစ္စည်းများကို မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်အောင်မျိုးဦးက ခေါင်လန်ဖူးမြို့နယ် အုပ်ချုပ်ရေးမှူးထံ ပေးအပ်သည်။



ဒုတိယသမ္မတ ဦးမြင့်ဆွေ ခေါင်လန်ဖူးမြို့နယ်ရှိ အိမ်ထောင်စုများအတွက် စားနပ်ရိက္ခာများ ထောက်ပံ့ပေးအပ်စဉ်။

ယင်းနောက် ဒုတိယသမ္မတသည် ခေါင်လန်ဖူးမြို့ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်က ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

**ဖြတ်သန်းကြည့်ရှုစစ်ဆေး**

ဆက်လက်၍ ဒုတိယသမ္မတသည် ဖုလုံးကျေးရွာသို့ ရောက်ရှိပြီး မေခမြစ်ကူး ရီဒမ်းကြိုးတံတားကို ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယသမ္မတသည် ခေါင်လန်ဖူး - မငွေဇလမ်း စီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိရာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်က ခေါင်လန်ဖူး - မငွေဇလမ်း (၆၅/၄) မိုင်အတွင်းရှိ လမ်း (၀/၀) မိုင်မှ (၅၈/၀) မိုင်အထိ မြေသားလမ်းဖောက်လုပ်မှု၊ (၀/၀) မိုင်မှ (၅၈/၀) မိုင်အကြားရှိ ကျောက်ခင်းလမ်း (၄၄/၀) မိုင် ဆောင်ရွက်ပြီးစီးမှု၊ ကွန်ကရစ်တံတား ၂၈ စင်း ဆောင်ရွက်မှု၊ Box Culvert ၁၆၅ စင်း ဆောင်ရွက်မှု၊ ကျောက်စီရေမြောင်း ၁၆၉၉၅ ပေဆောင်ရွက်မှုနှင့် ၂၀၂၀-၂၀၂၂ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည့် မြေသားလမ်း၊ ကျောက်ခင်းလမ်းနှင့် တံတားတည်ဆောက်မည့် အခြေအနေများကို လည်းကောင်း၊ တံတားဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစောဇာနည်လှက မငွေဇ- ခေါင်လန်ဖူးလမ်းပေါ်ရှိ တံတားအမှတ် (၁/၄၄) ရီဒမ်းတံတားတည်ဆောက်မည့်အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယသမ္မတက ခေါင်လန်ဖူးဒေသသည် ရာသီဥတုဆိုးရွားပြီး တောတောင်ထူထပ်ကာ အတက်အဆင်း အကွေ့အကောက်များပြားသဖြင့် မငွေဇ - ခေါင်လန်ဖူး လမ်းဖောက်လုပ်ရာတွင် ဘေးအန္တရာယ်ကင်းရှင်းရေးကို အထူးဂရုပြုဆောင်ရွက်ရန်၊ သတ်မှတ်စံချိန်စံညွှန်းများအတိုင်း အချိန်မီပြီးစီးရေးနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနက စတင်တည်ဆောက်လျက်ရှိသည့် မေခမြစ်ကူး ရီဒမ်းတံတားသစ်အတွက် လိုအပ်သည့် ၂၄ ပေအရှည်ရှိ သံမဏိသံပေါင်များနှင့် ရက်မများ သယ်ယူမည့်ယာဉ်ကြီးများ အန္တရာယ်ကင်းရှင်းစွာ သယ်ယူပို့ဆောင်နိုင်ရန် အတက်အဆင်း မတ်စောက်သည့်နေရာများတွင် ဖြေလျှော့ရေးနှင့် အကွေ့အကောက်ကျဉ်းမြောင်းသည့် နေရာများကို ချဲ့ထွင်ပေးနိုင်ရေးတို့အတွက် နယ်စပ်ရေးရာ ဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားရန် လမ်းညွှန်မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ဒုတိယသမ္မတသည် မငွေဇ - ခေါင်လန်ဖူး လမ်း တည်ဆောက်ပြီးစီးမှုနှင့် ထပ်မံတည်ဆောက်မည့် ရီဒမ်းတံတားသစ်နေရာတို့ကို ကြည့်ရှုစစ်ဆေးပြီး ဆန်းလွတ်ချက်တောင်ကြားမှ မငွေဇ- ခေါင်လန်ဖူးလမ်း ဖောက်လုပ်လျက်ရှိသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယသမ္မတသည် လမ်းဖောက်လုပ်နေသည့် နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့် စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံးမှ အရာရှိစစ်သည်များအတွက် ဂုဏ်ပြုငွေများ ချီးမြှင့်ပေးအပ်သည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် ရဟတ်ယာဉ်များဖြင့် ဆန်းလွတ်ချက်တောင်ကြားမှ ပူတာအိုမြို့သို့ ပြန်လည်ရောက်ရှိကြပြီး မူလာရှီးဒီ ကြိုးတံတားကို ကြည့်ရှုလေ့လာသည်။

သတင်းစဉ်



ခေါင်လန်ဖူး-မငွေဇလမ်း ဖောက်လုပ်နေမှုကို တွေ့ရစဉ်။



မေခမြစ်ကူး ရီဒမ်းတံတားသစ် တည်ဆောက်မည့်နေရာကို တွေ့ရစဉ်။

# အတိတ်တစ်ခွင် အရိပ်ထင်ခဲ့သမျှ

မမြင့်မွန် (မြန်မာ့အသံ)

ကျွန်မ ၁၉၅၉ ခုနှစ်က ဝင်ဒါမီယာ ကရက်ဆင့်မှာ အလုပ်ဝင်ဖို့လုပ်တော့ ပထမဦးဆုံးတွေ့ရသူက ဦးခင်ဇော်ပါ၊ ဦးခင်ဇော်က ကျွန်မကို သီချင်းဆိုခိုင်း၊ သတင်းစာဖတ်ခိုင်း၊ ဇာတ်လမ်းပမာပြောခိုင်းပါတယ်။ Voice Test ပေါ့။ အဲဒီနောက်ပိုင်း ကျွန်မအစီအစဉ် ကြေညာသူဖြစ်လာခဲ့ပါတယ်။ အစီအစဉ်ကြေညာသူမှ ဦးစီးအရာရှိ (အစီအစဉ်တာဝန်ခံဖြစ်သည်) အထိ နှစ် (၃၀) ဖြတ်သန်းလာခဲ့ရတဲ့ မြန်မာ့အသံဝန်ထမ်းဘဝဟာ အမှတ်တရများစွာနဲ့ ပြည့်နှက်နေခဲ့ပါတယ်။

ကျွန်မကို အစီအစဉ်ကြေညာသူတစ်ယောက်ရဲ့ အရည်အချင်းနဲ့ ပြည့်မီ၊မမီ ပထမဆုံး စမ်းသပ်စစ်ဆေးခဲ့သူ **ဦးခင်ဇော်ဟာ ကျွန်မဘဝမှာ အသံလွှင့်လုပ်ငန်းနဲ့ ပတ်သက်ပြီး အတုယူလေးစားအားအကျရဆုံးသူတစ်ယောက်ပါ။ ဦးခင်ဇော်ဟာ လန်ဒန် BBC အသံလွှင့်ဌာန (မြန်မာပိုင်း)အစီအစဉ်နဲ့ နယူးဒေလီရှိ All India အသံလွှင့်ဌာနတို့မှာ တာဝန်ထမ်းဆောင်ခဲ့ဖူးသူ ဖြစ်ပါတယ်။** ဦးခင်ဇော်ဟာ တယောထိုးအလွန်ကောင်းသလို အင်္ဂလိပ်ဘာသာကိုလည်း ကျွမ်းကျင်နှံ့စပ်ပါတယ်။ စာရေးဆရာ K နာမည်နဲ့ အင်္ဂလိပ်ကဗျာများ ရေးသားလေ့ရှိပြီး အင်္ဂလိပ်ဇာတ်လမ်းများကို ဘာသာပြန်ကာ မြန်မာ့အသံကနေ တင်ဆက်ပါတယ်။ ဇာတ်လမ်းထဲမှာ ရံဖန်ရံခါ ဇာတ်လမ်းအရ သီချင်းဆိုရတဲ့အခါမျိုးတွေပါရင် သူကိုယ်တိုင်တယောထိုးပြီး ကျွန်မကို ဆိုခိုင်းတတ်ပါတယ်။

စာရေးဆရာကြီးမင်းသုဝဏ်ရဲ့ ကဗျာများဖြစ်တဲ့ "မောင်လေးရေ ထပါတော့ ရောင်နီလာလှပေါ့"တို့၊ "ဆွမ်းအုပ်နီနီ အမေရွက်" တို့လို ကဗျာတွေကို တယောနဲ့ သံစဉ်ထည့်ပြီး ဒေါ်မေရှင်ကို သီဆိုခိုင်းကာ ကလေးများအဖို့ အစီအစဉ်လုပ်ခဲ့တာကိုလည်း သတိတရရှိလှပါတယ်၊ ဒေါ်မေရှင်ကတော့ မြန်မာ့အသံမှာ ရှစ်နှစ်လောက်တာဝန်ထမ်းခဲ့တဲ့ အဆိုတော်တစ်ယောက်ပါ။

**နှစ်ယောက်မရှိ ကောင်းသူ**

နောက်တစ်ဦးကတော့ ဒေါ်သန်းနှစ်ပါ။ အစီအစဉ်ကြေညာသူအဖြစ် ဝင်ရောက်လာသူ ကျွန်မကို လေ့ကျင့်သင်ကြားပေးခဲ့တဲ့ ဆရာပါ။ ဒေါ်သန်းနှစ်ဟာ အသံဩဇာရှိလှပြီး အဖြတ်အတောက်မှန်မှန် လေယူလေသိမ်းကောင်းကောင်းနဲ့ သတင်းကြေညာတဲ့နေရာမှာ နှစ်ယောက်မရှိ ကောင်းသူပါပဲ။

ကျွန်မ မှတ်မှတ်ထင်ထင်ရှိရသူ နောက်တစ်ဦးကတော့ အဘဦးသန်းမြင့်ပါ။ The Lady of Shalott ကဗျာကို မြို့မသန်းလွင်က မြန်မာပြန်ပြီး အဘက ပထမဆုံးသော ဇာတ်လမ်းပမာအဖြစ် ဖန်တီးခဲ့ပါတယ်။ အဘရဲ့ နောက်နာမည်ကြီး ဇာတ်လမ်းတစ်ပုဒ်က ဆရာမင်းသုဝဏ်ရဲ့ "ဘကြီးအောင်ညာတယ်" ဝတ္ထုကို ဇာတ်လမ်းပမာအဖြစ် တင်ဆက်ခဲ့တာပါ၊ ဦးသန်းမြင့်က BA (Music) ကို နိုင်ငံခြားက ယူလာတာပါ။ ဦးသန်းမြင့်ဟာ မြခြူသံရုပ်ရှင် Script ကိုလည်း ရေးခဲ့တယ်လို့ သိရပါတယ်။




ဦးသန်းမြင့် နိုင်ငံခြားသွားတော့ ဇာတ်လမ်းပမာနားဆင်စရာကို စန္ဒရားအောင်ခင်၊ ဘဝကြေးမုံဇာတ်လမ်းစုံကို ဦးဇော်ဝင်း သူတို့တွေက တာဝန်ဆက်ယူကြတယ်။ အဲဒီမှာ "ဒီအပူတွေပေါ့" ဇာတ်လမ်း၊ အနိုပ်သည်ဇာတ်လမ်းတို့မှာ ဦးငြိမ်းမောင်တို့၊ ကျွန်မတို့ ပါဝင်သရုပ်ဆောင်ပေးကြရတယ်။

မောင်းကြီးကို တဒူဒူထုပြီး အာပေါင်အာရင်းသန်သန်နဲ့ ပြောတတ်တဲ့ တယော ဦးသန်း (ဒေါ်တင်တင်မြရဲ့ဖခင်ကြီး)ရဲ့ အစီအစဉ်ကလည်း ရင်ထဲမှာ ထင်ကျန်နေပါတယ်။

**ပင်တိုင်ကြေညာရလေ့ရှိ**

နောက်ပိုင်းမှာ ဦးကျော်ညိန်း(မာတလိ)က အစီအစဉ်မှူးအနေနဲ့ ဝင်လာတယ်။ မာတလိစေတမန်ခန်းဆိုတာ သောတရှင်တွေ မြန်မာ့အသံအကြောင်း မေးတာတွေကို ပြန်ကြားပေးတဲ့အပြင် ပြည်တွင်းက သတင်းတွေကို ကောက်နုတ်တင်ပြတဲ့အခန်းပေါ့။ ဦးကျော်ညိန်းဟာ အသံဩဇာနဲ့ ပြည့်စုံပြီး သတင်းဖတ်ကောင်းတာမို့ အဲဒီတုန်းက ပြည်လမ်း ဗိုလ်ရှုခံမှာ ကျင်းပတဲ့ လွတ်လပ်ရေးနေ့ အခမ်းအနားတို့၊ အထူးကြေညာချက်တို့ကို သူပဲ ပင်တိုင်ကြေညာရလေ့ရှိတယ်။ နောက် သူ့လိုပဲ သတင်းဖတ်ကောင်းတာက ဦးမောင်မောင်တို့၊ ဦးညွန့်တင်တို့၊ ဦးတင်ဦးတို့ ဖြစ်ပါတယ်။

သတိတရရှိလှတဲ့ နောက်တစ်ဦးကတော့ ဦးကျော်မင်းပါ၊ သူကတော့ နောင်တစ်ချိန် (မြန်မာ့အသံကျော်မင်း) ဆိုပြီး တိုင်းပြည်ပြုသီချင်းတွေရော၊ နာမည်ကြီးတေးတွေရော ရေးစပ်ပါတယ်) "ယောက်မရေ သူငယ်ချင်း၊ လယ်ဆင်းသွားစို့လား" အဲဒီသီချင်းလေးကိုတော့ မှတ်မိနေပါတယ်။ မြန်မာ့အသံမှာ သတင်းဖတ်ကြားသူ၊ စာမူပြုစုသူအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူပါ။

၁၉၅၉ ခုနှစ်မှာ ဗမာ့အသံကနေ မြန်မာ့အသံဆိုပြီး ဖြစ်လာခဲ့ကာ ၁၉၆၀ ပြည့်နှစ်မှာတော့ ဝင်ဒါမီယာ ကရက်ဆင့်ကနေ ပြည်လမ်းကို ပြောင်းလာခဲ့ကြတယ်။ အဲဒီပြည်လမ်း မြန်မာ့အသံကိုရောက်ပြီး မကြာခင်မှာပဲ ဒုတိယပိုင်း အစီအစဉ်က ဝန်ထမ်းတွေ လာပေါင်းကြတယ်။ ဒုတိယပိုင်း အစီအစဉ်ဆိုတာက တွဲဖက်အစီအစဉ်ကနေ ဖြစ်လာတာပါ။ တပ်မတော်ပညာရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးဌာနက တာဝန်ယူပြီး ဗမာ့အသံနဲ့ တစ်ချိန်တည်းတစ်ပြိုင်တည်း ရေကူးကနေ ထုတ်လွှင့်ခဲ့တဲ့ အသံလွှင့်ဌာနတစ်ခု၊ အဲဒီ တွဲဖက်အစီအစဉ်ကို တစ်နှစ်ကျော်ကျော် ထုတ်လွှင့်ခဲ့ပြီး ဒုတိယပိုင်း အစီအစဉ်လို့ အမည်ပြောင်းခဲ့ကာ အဲဒီနောက် မြန်မာ့အသံနဲ့ တစ်ပေါင်းတည်းဖြစ်သွားခဲ့ရတာပါ။ ဗိုလ်မှူးကျော်ဆန်း(စာရေးဆရာ-သုခိအောင်)က တာဝန်ယူပါတယ်။

**မြိုင်မြိုင်ဆိုင်ဆိုင်**

၁၉၆၂ ခုနှစ် တော်လှန်ရေးကောင်စီတက်လာပြီးနောက်ပိုင်း အစီအစဉ်တွေလည်း တိုးချဲ့၊ အချိန်တွေလည်း တိုးမြှင့်ထုတ်လွှင့်ခဲ့ကြရပါတယ်။ အဲဒီအချိန်မှာ ပြည်လမ်းမြန်မာ့အသံမှာ ဝင်ဒါမီယာ ကရက်ဆင့်ကပါလာခဲ့တဲ့ ဝန်ထမ်းတွေ၊ ဒုတိယပိုင်းအစီအစဉ်က ဝန်ထမ်းတွေနဲ့ မြိုင်မြိုင်ဆိုင်ဆိုင်ပေါ့။ အဲဒီထဲမှာ ဒေါ်မြနှစ်၊ ဒေါ်အေးအေးသန်း၊ ဒေါ်သန်းသန်းအေးတို့က ယူနီဖောင်းဝတ်နဲ့ တပ်ကလစာနဲ့ မြန်မာ့အသံကို ရောက်လာတယ်။ ဒေါ်ယဉ်ယဉ်ကြည်၊ ဒေါ်ခင်သိန်းဆွေ၊ ဒေါ်စန်းစန်းဝေ၊ ဒေါ်မာမာအေး (တေးသံရှင်)၊ ဦးတင်ကြိုင်၊ ဂီတာတင်အုန်း၊ ဦးဝင်းမြင့် (ကိုသာဆန်း)တို့ဟာ ဒုတိယပိုင်းက ပါဝင်လာတဲ့ ဝန်ထမ်းတွေပါပဲ။ အဲဒီနောက်ပိုင်း ဒေါ်ဝင်းဝင်းမေ၊ ဒေါ်ခင်မမ၊ ဒေါ်သန်းမြ(မြသဲဖြူ မြန်မာ့အသံ)၊ ဒေါ်ခင်မြကြူ (သဇင်ကြူ)၊ ဒေါ်မြမြသန်း၊ ဒေါ်ခင်မြဆွေ (ရုပ်ရှင်မင်းသား ဝင်းညွန့်၏ဇနီး၏ညီမ)စတဲ့ ဝန်ထမ်းတွေနဲ့ စည်စည်ကားကား ဖြစ်လာခဲ့ရတာတွေ ... ။

နာမည်ကြီးတေးသံရှင်တွေဖြစ်တဲ့ ဒေါ်တင်တင်မြ၊ ဒေါ်မေလှမြိုင်၊ ဒေါ်မာမာအေး၊ ဒေါ်ချစ်စပယ်၊ ဒေါ် ရီလေး၊ ကမ္ဘောဇမေသင်းရီ၊ တွံတေးသိန်းတန်၊ တယောကိုပါ၊ ကိုထွန်းရှိန်တို့ကလည်း အရှိန်အဟုန်ကောင်းကောင်းနဲ့ မြန်မာ့အသံကို ဝိုင်းဝန်းခဲ့ကြတာတွေလည်း တရေးရေး သတိရမိနေပါတယ်။

မြန်မာပိုင်းအစီအစဉ်ရဲ့ သောတရှင်တွေအကြား ရေပန်းစားခဲ့တဲ့ ဦးအောင်မြင့်နဲ့ ဒေါ်ခင်ခင်ကြည် သီရိဂေဟာအစီအစဉ်မှာ အတွဲညီညီ (ကိုမြသီးနဲ့ မခင်မူအဖြစ်) သရုပ်ဆောင်ခဲ့တာကလည်း အတိတ်ကို ငဲ့စောင်းကြည့်မိတိုင်း သတိရစရာတွေ ဖြစ်ပါတယ်။

**ပွဲကိုင်ရှင်များ**

၁၉၆၂ ခုနှစ်နောက်ပိုင်းမှာ မြန်မာပိုင်းအစီအစဉ်ရဲ့ ပွဲကိုင်ရှင်များလို့ ယူဆလို့ရတဲ့ ဦးသန်းစိန်သစ်၊ ဦးကျော်ဦး၊ ဦးသာဦး၊ ကိုသစ္စာ၊ မြန်မာ့အသံခေတ်ပေါ်တေးဂီတတူရိယာအဖွဲ့ စန္ဒရားလှထွတ်၊ ကိုခင်မောင်ညွန့်၊ ကိုမြတ်လင်း၊ စန္ဒရားချစ်မောင်၊ ဦးမောင်မောင်သီ၊ စန္ဒရားအောင်ကြီး၊ ဓာတ်ပြားပိဋကတ်တိုက်က ဦးမောင်မောင်ရင်၊ ဦးမောင်မောင်မြင့်၊ ဦးမြသိန်း၊ သတင်းဌာနက ဦးမောင်မောင်ဟိန်၊ ဦးထွန်းဟိန်၊ ဦးဟာကုတ်လုနီ၊ ဦးတင်ထွန်း၊ ကိုတင့်ဝေ၊ Monitor က ဒေါ်ခင်မို့မို့၊ ဒေါ်ခင်မေထွေး၊ မာရီကောန်းဝေ (တေးသံရှင် တင်မိုးခိုင်)၊ အင်္ဂလိပ်ပိုင်းအစီအစဉ်က ဦးကြီးတင်၊ ဦးလှဘူး၊ ဒေါ်လှညွန့်၊ ဦးခင်မောင်သွင်၊ အလ်ဆင်ထွန်းငွေ၊ ဒေါ်ယုယုမြိုင်၊ ဒေါ်မြမြစိန်၊ တိုင်းရင်းသားက ဒေါ်ဟယ်နီကျော်ထွေး၊ ဒေါ်အုန်းကြည်၊ ဦးညွန့်ရှိန်တို့ကိုလည်း သတိတရရှိလှပါတယ်။

စင်စစ် ကျွန်မသတိရတာတွေ၊ မှတ်မိတာတွေကတော့ မဆုံးနိုင်အောင်ပါပဲ။ မြန်မာ့အသံမှာ တစ်ဘဝစာမြှုပ်နှံထားခဲ့မိတဲ့အတွက် ကျွန်မအသက်(၆၀)ပြည့် ပင်စင်ယူပြီးသည့်တိုင် နောက် ၁၀ နှစ် ကျွမ်းကျင်ပညာရှင်အဖြစ် ဆိုကြမယ်ပျော်ကြမယ် အစီအစဉ်ကို ဆက်လက်ထမ်းဆောင်ခဲ့ပါတယ်။

အတိတ်ကိုအတိတ်မှာ ကျွန်မ မထားရစ်ခဲ့နိုင်ပါ။ အခုလို စိန်ရတုကာလခရီးကို ရောက်ရှိလာတဲ့အခါ ပိုလို့ပင် သတိတရရှိလာခဲ့ပါတယ်။ ဒါကြောင့် အတိတ်တစ်ခွင် အရိပ်ထင်ထင်ရှိခဲ့သမျှကို မှတ်တမ်းပြုရေးသားရပါတယ်။ မှတ်တမ်းပြုဖော်ပြရန် ကျန်ရှိခဲ့တဲ့ မိတ်ဆွေအပေါင်းအသင်းများရဲ့ အမည်နှင့်အကြောင်းအရာများ မပါရှိပါကလည်း နားလည်ခွင့်လွှတ်လိမ့်မယ်လို့ ယုံကြည်မိပါတယ်။

နှစ်(၄၀)တိုင် အရိပ်ထင်ကျန်ခဲ့တဲ့ မှတ်တမ်းများကို တင်ပြရင်း မြန်မာ့အသံရဲ့ စိန်ရတုမှ နှစ်တစ်ရာတိုင် အေးချမ်းစွာ လျှောက်လှမ်းနိုင်ပါစေလို့ ...။ ။

**၁၉၅၉ ခုနှစ်မှာ ဗမာ့အသံကနေ မြန်မာ့အသံဆိုပြီး ဖြစ်လာခဲ့ကာ ၁၉၆၀ ပြည့်နှစ်မှာတော့ ဝင်ဒါမီယာကရက်ဆင့်ကနေ ပြည်လမ်းကို ပြောင်းလာခဲ့ကြတယ်။ အဲဒီပြည်လမ်း မြန်မာ့အသံကိုရောက်ပြီး မကြာခင်မှာပဲ ဒုတိယပိုင်း အစီအစဉ်က ဝန်ထမ်းတွေ လာပေါင်းကြတယ်။ ဒုတိယပိုင်း အစီအစဉ်ဆိုတာက တွဲဖက်အစီအစဉ်ကနေ ဖြစ်လာတာပါ။ တပ်မတော်ပညာရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးဌာနက တာဝန်ယူပြီး ဗမာ့အသံနဲ့ တစ်ချိန်တည်းတစ်ပြိုင်တည်း ရေကူးကနေ ထုတ်လွှင့်ခဲ့တဲ့ အသံလွှင့်ဌာနတစ်ခု၊ အဲဒီ တွဲဖက်အစီအစဉ်ကို တစ်နှစ်ကျော်ကျော် ထုတ်လွှင့်ခဲ့ပြီး ဒုတိယပိုင်း အစီအစဉ်လို့ အမည်ပြောင်းခဲ့ကာ အဲဒီနောက် မြန်မာ့အသံနဲ့ တစ်ပေါင်းတည်းဖြစ်သွားခဲ့ရတာပါ။**


ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦး ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံမှုခံယူစဉ်။


ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦး ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံမှုခံယူစဉ်။

❒ ကျောဖုံးမှ
နာရီဝက်စောင့်ဆိုင်းပြီး အန္တရာယ်မရှိဘူးဆိုတော့မှ အဆောင်ကို ပြန်စေပါတယ်။ အဆောင်မှာလည်း လိုအပ်တဲ့ Medical Cover ဆောင်ရွက်ပေးထားပါတယ်။

“နေပြည်တော်မှာ အင်အား ၃၀၀၀ ကျော် ကာကွယ်ဆေးထိုးပြီးသွားပါပြီ။ ဆေးထိုးပြီးသွားတဲ့အခါ ဘာတွေခံစားရလဲဆိုတာ အမြဲစောင့်ကြည့်ပေးနေပါတယ်။ ဆိုးဆိုးရွားရွား Pressure ကျသွားတာ၊ နှလုံးခုန်မမှန်တာမျိုး ဖြစ်တာကိုတော့ မတွေ့ရပါဘူး။ ကာကွယ်ဆေးထိုးပြီးနောက်ပိုင်း ပြန်ပြီးမေးကြည့်တဲ့အခါမှာ တော်တော်များများ ဆိုးဆိုးရွားရွားခံစားရတာမရှိပါဘူး။ ကိုယ်လက်ညောင်းတာ၊ ကိုက်တာ၊ မအီမသာဖြစ်တာ၊ ဖျားသလိုလို၊ ကိုက်သလိုလိုဖြစ်တာတွေရှိတယ်လို့ သိရပါတယ်။ အဲဒီလိုဖြစ်တာတွေရှိတယ်ဆိုပြီး အရေအတွက်အားဖြင့် လူ ၃၀၀၀ ကျော်မှာ ၆၀၀ လောက် သတင်းပို့ကြပါတယ်။

“ကာကွယ်ဆေးတစ်မျိုးမျိုးကို ပြည်သူတွေကြားထဲမှာ အသုံးပြုတော့မယ်ဆိုရင် နှစ်ခုစဉ်းစားရပါတယ်။ ပထမအချက်ကတော့ ဒီဆေးရဲ့ အရည်အသွေး ကောင်း၊ မကောင်း၊ အာနိသင်ရှိ၊ မရှိပါ။ ဒုတိယတစ်ချက်ကတော့ ဒီဆေးထိုးလိုက်လို့ အန္တရာယ်မဖြစ်ဖို့ပါ။ ကျွန်တော်တို့အတွေ့အကြုံအရတော့ ဒီဆေးထိုးတဲ့အချိန်မှာ Safety တော်တော်ကောင်းပါတယ်။ ဒါကြောင့် ဒီဆေးရဲ့ Safety ကိုတော့ ပြည်သူတွေအနေနဲ့ စိုးရိမ်ပူပန်မှုမရှိပါနဲ့၊ ထိုးလို့ရပါတယ်လို့ ပြောချင်ပါတယ်။

**အကြံပြုထား**

“ ဆေးထိုးပြီးတဲ့အခါမှ ၂၄ နာရီတော့ စောင့်ကြည့်ရမယ့် အနေအထားပါ။ ကိုယ်လက်မအီမသာဖြစ်ရင် Paracetamol၊ Cetirizine စတဲ့ ဆေးတွေကို သောက်ဖို့လည်း အကြံပြုထားပါတယ်။ ဒီအချိန်မှာတော့ပုံမှန်စားပါ၊ ရေများများသောက်ပါ၊ အာဟာရဖြစ်အောင် ဗီတာမင်စီများများစားပါ၊ အိပ်ရေးဝအောင် အိပ်ပါလို့ အကြံပြုချင်ပါတယ်”ဟု ပြောသည်။

ယနေ့တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃၁၅ ဦး ကာကွယ်ဆေး ထိုးနှံကြပြီး ဇန်နဝါရီ ၃၀ ရက်တွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၁၆၀ ကိုလည်း ကိုဗစ်-၁၉ ကာကွယ်ဆေး COVISHIELD ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

လွှတ်တော်အစည်းအဝေးများသို့ တက်ရောက်ကြမည့် ကိုယ်စားလှယ်များအား သက်ဆိုင်ရာလွှတ်တော်ရုံးများက ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးပစ္စည်းများကို တစ်ဦးချင်း ဖြန့်ဝေပေးထားကြောင်း သိရသည်။

ထို့ပြင် ပြည်သူ့လွှတ်တော်နှင့်အမျိုးသားလွှတ်တော်တို့တွင် တာဝန်ထမ်းဆောင်ကြသည့် အရာထမ်းနှင့် အမှုထမ်းဝန်ထမ်းများကိုလည်း ကိုဗစ်-၁၉ ကာကွယ်ဆေး COVISHIELD ထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

**သတင်း-မျိုးမင်းနိုင်**
**ဓာတ်ပုံ-စိုးဝင်းထွန်း**


ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦး ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံမှုခံယူစဉ်။


ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦး ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံမှုခံယူစဉ်။

# ပြည်ပနိုင်ငံများရောက် မြန်မာနိုင်ငံသားများနှင့် မြန်မာသင်္ဘောသားများအား ပြန်လည်ခေါ်ဆောင်



**နေပြည်တော် ဇန်နဝါရီ ၂၉**
နိုင်ငံတကာခရီးသည်တင်လေယာဉ်များ ပျံသန်းမှုယာယီ ရပ်ဆိုင်းထားခြင်းကြောင့် စင်ကာပူနိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၁၄၄ ဦးကို (၃၇)ကြိမ်မြောက် မြန်မာအမျိုးသားလေကြောင်း(MNA) ကယ်ဆယ်ရေးလေယာဉ်ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ညနေပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။

ထို့ပြင် ပြင်သစ်၊ စပိန်နှင့် အနီးတစ်ဝိုက်ဒေသတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား စာချုပ်သက်တမ်းကုန်ဆုံး၍ အခက်အခဲကြုံတွေ့နေရသည့် မြန်မာသင်္ဘောသား ၃၀ ကို ပါရီမြို့ရှိ မြန်မာသံရုံးက စီစဉ်သည့် Korean Air လေကြောင်းလိုင်း ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ည ၈ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေး စိစစ်ရေး၊ သီးသန့်စီစဉ်ပေးသည့်နေရာ/ သတ်မှတ်ဟိုတယ်များ၌ အသွားအလာကန့်သတ်မှု ၁၄ ရက်နှင့် နေအိမ်တွင် အသွားအလာကန့်သတ်မှု ခုနစ်ရက် နေထိုင်စေရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့က သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့ကြသည်။

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများနှင့် မြန်မာသင်္ဘောသားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ၏လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများ၊ သင်္ဘောကုမ္ပဏီများ/အဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# အမျိုးသားအဆင့် ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာကော်မတီ၏ စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**နေပြည်တော် ဇန်နဝါရီ ၂၉**

အမျိုးသားအဆင့် ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာကော်မတီ (NREC) စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ အမျိုးသားအဆင့် ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာကော်မတီဥက္ကဋ္ဌ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ ဒုတိယဥက္ကဋ္ဌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးနှင့် ကော်မတီအဖွဲ့ဝင်များ တက်ရောက်ကြသည်။

### သိသာထင်ရှားသောရလဒ်များ

ရှေးဦးစွာ အမျိုးသားအဆင့် ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က အမျိုးသားအဆင့် ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာကော်မတီ (NREC) ကို ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလတွင် စတင်ဖွဲ့စည်းခဲ့ပြီးနောက် ကော်မတီအစည်းအဝေးများအား (၃) ကြိမ်တိုင်တိုင် ကျင်းပခဲ့ပြီးဖြစ်ပါကြောင်း၊ ယင်းအစည်းအဝေးများမှ သိသာထင်ရှားသောရလဒ်များအဖြစ် မြန်မာနိုင်ငံ၏ Energy Mix တွင် Renewable Energy ပါဝင်မှု တိုးတက်လာစေခဲ့ပါကြောင်း၊ ပထမဆုံးသော Solar Power Plant (40 MW) ကို မင်းဘူးတွင် ၂၀၁၉ ခုနှစ် ဇွန် ၂၇ ရက်၌လည်းကောင်း၊ မာန်အောင်ကျွန်း Solar Power Plant (0.5 MW) ဖွင့်ပွဲကိုလည်း ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၁၉ ရက်၌လည်းကောင်း၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် တက်ရောက်ဖွင့်လှစ်ပေးခဲ့ပါကြောင်း၊ ကိုကိုးကျွန်းတွင် Solar Power Plant (0.5 MW)မှ ဓာတ်အားများကိုလည်း ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၄ ရက်မှစတင်ပြီး ၂၄ နာရီ၊ ၇ ရက် ပတ်လုံး ဖြန့်ဖြူးပေးနေပြီဖြစ်ပါကြောင်း၊ အဆိုပါရလဒ်များသည် Renewable Energy မှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှု တိုးမြှင့်ဆောင်ရွက်ရေးအတွက် နိုင်ငံတော်အကြီးအကဲများ၏ အလေးထားအားပေးမှု၊ လမ်းညွှန်မှုများကို သိမြင်စေနိုင်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ပြီးခဲ့သည့် NREC တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဆွေးနွေးဆုံးဖြတ်ခဲ့သည့်အတိုင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် Renewable Energy ဖြစ်သည့် Solar Power Plant စီမံကိန်းများကို နေရာ ၂၉ ခုတွင် စုစုပေါင်းတပ်ဆင်အင်အား ၁၀၃၀ မဂ္ဂါဝပ်ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်ရာ ယခုနှစ် နှစ်လယ်ပိုင်းတွင် စတင် ဓာတ်အား ထုတ်လုပ်နိုင်ရန် စီမံထားရှိပါကြောင်း။

ယင်းသို့ သိသာများပြားသည့် Solar Power ပမာဏများကို ဆောင်ရွက်ပြီးစီးပါက ယင်းအချိန်တွင် မြန်မာနိုင်ငံ၏ Generation Mix ၌ ရေအား ၄၀ ရာခိုင်နှုန်း၊ နေစွမ်းအင် ၁၄ ရာခိုင်နှုန်း၊ ပြည်တွင်းမှထွက်ရှိသည့် သဘာဝဓာတ်ငွေ့ သုံးရာခိုင်နှုန်း၊ သဘာဝဓာတ်ငွေ့ အရည်(LNG) ၁၁ ရာခိုင်နှုန်းနှင့် အခြား တစ်ရာခိုင်နှုန်း တို့ ပါဝင်လာမည်ဖြစ်ပါကြောင်း၊ စုစုပေါင်း စက်တပ်ဆင်အင်အား ၈၁၁၈ မဂ္ဂါဝပ်ဖြစ်လာမည့် အချိန်တွင် Renewable Energy မှ ၅၄ ရာခိုင်နှုန်း၊ သန့်ရှင်းသည့် လောင်စာ (Clean Fuel) မှ ၄၅ ရာခိုင်နှုန်းအချိုးဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်သွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံတကာ၏ Renewable Energy နှင့် Climate Change ဆိုင်ရာမူဝါဒများကို လိုက်နာဆောင်ရွက်နိုင်ခဲ့ပြီး၊ အာဆီယံ၏ Renewable Energy ဆိုင်ရာ မျှော်မှန်းချက်များကို ကျော်လွန်အောင် ဆောင်ရွက်နိုင်ခဲ့ခြင်းပင် ဖြစ်ပါကြောင်း၊ ပြည်သူလူထုအတွက် လတ်တလောအကျိုးအမြတ်အနေဖြင့် လျှပ်စစ်ဓာတ်အားရရှိမှု အချိုး (Electrification Ratio) ၅၈ ရာခိုင်နှုန်းကျော် ရရှိနေပြီဖြစ်ပြီး အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် ၂၀၂၅ ခုနှစ်တွင် တစ်နိုင်ငံလုံး၏ ၇၅ ရာခိုင်နှုန်း လျှပ်စစ်ဓာတ်အား ရရှိရန်အတွက် Renewable Energy ကဏ္ဍကို အရှိန်မြှင့်တင်ပေးမည်ဖြစ်ပါကြောင်း။

၂၀၂၁ ခုနှစ် မတ်လတွင် ရန်ကုန်တိုင်းဒေသကြီးတွင် လျှပ်စစ်ဓာတ်အားရရှိမှု ၁၀၀ ရာခိုင်နှုန်းနှင့် မန္တလေးတိုင်းဒေသကြီးတွင် လျှပ်စစ်ဓာတ်အားရရှိမှု ၇၅ ရာခိုင်နှုန်း ရှိမည်ဖြစ်ပါကြောင်း၊ ယနေ့ အစည်းအဝေးတွင် အထောက်အကူပြုလုပ်ငန်းအဖွဲ့များ (Working Group) ရှစ်ခု၏ သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းအစီအစဉ်များနှင့် အနာဂတ် စီမံချက်များကို NREC အဖွဲ့ဝင်များသို့ တင်ပြသွားမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းအဖွဲ့များ၏ အချိန်တိုအတွင်း ထူးခြားသည့်တိုးတက်မှုများရရှိအောင် နှစ်မြှုပ်ဆောင်ရွက်ခဲ့ကြသည်ကို ချီးကျူးဂုဏ်ပြုလိုပါကြောင်း၊ ထို့အပြင် ယခုနှစ် နှစ်ကုန်ပိုင်းတွင် ဗြိတိန်နိုင်ငံ၌ ကျင်းပရန်ရှိသည့် COP 26 Climate Change Conference ၏ အကြိုအစည်းအဝေးအဖြစ် ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၁၂ ရက်၌ ကျင်းပခဲ့သည့် Climate Ambition Summit ထိပ်သီးအစည်းအဝေးတွင်လည်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ကာဗွန်လျှော့ချရေးနှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးမှုများအတွက် Renewable Energy ကို သုံးစွဲမှုမြှင့်တင်ရေး တို့နှင့်ပတ်သက်၍ မြန်မာနိုင်ငံ၏ ကတိကဝတ်များကို အလေးထားပြောကြားခဲ့ပါကြောင်း။

### လျှော့ချသွားရန် ရည်မှန်းထား

၂၀၃၀ ပြည့်နှစ်တွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ပါဝင်မှုအချိုးကို ၃၉ ရာခိုင်နှုန်းထိ တိုးမြှင့်ရရှိရန်လည်း ကတိပြုပြောကြားခဲ့ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ရေးဆွဲထားသော အမျိုးသားအဆင့်ရာသီဥတု ပြောင်းလဲမှုလျှော့ချရေးနှင့် လိုက်လျောညီထွေ ဖြစ်စေရေးဆိုင်ရာလုပ်ငန်းအစီအစဉ် (Nationally Determined Contribution-NDC) အရ ၂၀၃၀ ပြည့်နှစ်တွင် ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လွှတ်မှု တန်ချိန်ကို ၂၉၇ သန်းမှ ၁၄၄ သန်းသို့ လျှော့ချသွားရန် ရည်မှန်းထားပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် မဟာဓာတ်အားလိုင်းစနစ်ကို တိုးချဲ့၍ လျှပ်စစ်ဓာတ်အားရရှိမှုအချိုး တိုးတက်အောင် ဆောင်ရွက်နေသကဲ့သို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှလည်း Solar Mini-grid နှင့် Solar Home System (SHS) များကို ဝေငှပြီး၊ လူနေကျဲပါးသော ကျေးလက်ဒေသများ၌ ဆောင်ရွက်ပေးလျက်ရှိရာ National Electrification Rate တွင် ငါးရာခိုင်နှုန်းခန့် တိုးမြှင့်ရရှိစေခဲ့ပါကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့်ပူးပေါင်း၍ Floating Solar စီမံကိန်းကို လည်းကောင်း၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနမှလည်း စက်မှုမြေများ၌ Solar Power Plant အကောင်အထည်ဖော်ရေးကို လည်းကောင်း ရည်မှန်းဆောင်ရွက်လျက်ရှိပါကြောင်း၊ စွမ်းအင်ထိရောက်စွာအသုံးချရေး (Energy Efficiency) နှင့် ထိန်းသိမ်းရေး (Energy Conservation) တို့အတွက် အိမ်သုံးလျှပ်စစ်ပစ္စည်းများပေါ်တွင် Energy Efficiency Labeling ပြုလုပ်ရေးကိုလည်း တက်ကြွစွာ ပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း။

### ကောင်းမွန်သောရလဒ်များ

NREC ကော်မတီအနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါကာလအလွန် စီးပွားရေး ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များတွင် အလုပ်အကိုင်များ ဖန်တီးရေးကို နိုင်ငံ့ခေါင်းဆောင်များ၏ လမ်းညွှန်ချက်များ၊ MSDP Strategy နှင့် CERP Guideline တို့နှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ NREC ကော်မတီ၏ အနာဂတ်ရည်မှန်းချက်များအတွက် လုပ်ငန်းစဉ်များကို လေးလေးနက်နက်ဆွေးနွေးမှုများမှ ကောင်းမွန်သောရလဒ်များ ရရှိမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ NREC ကော်မတီဝင်များနှင့် အစည်းအဝေးတက်ရောက်လာသူများက မိမိတို့ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြပြီး အမျိုးသားအဆင့် ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က နိဂုံးချုပ်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ သက်ဆိုင်ရာဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာန၊ လုပ်ငန်း၊ ကော်ပိုရေးရှင်းများမှ တာဝန်ရှိသူများအပြင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ဝန် ဦးမောင်မောင်စိုး၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ကော်မတီဝင် ဒေါက်တာသစ်ဆင်း၊ မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်းဥက္ကဋ္ဌ ဒေါက်တာစုံဟန်၊ မြန်မာနိုင်ငံ ဗိသုကာအသင်းဥက္ကဋ္ဌ ဦးမော်လင်း၊ မြန်မာ့ပြန်ပြည့်မြဲစွမ်းအင်အသင်း ဗဟိုကော်မတီဝင် ဦးသန်းဌေး၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း တွဲဖက်အထွေထွေအတွင်းရေးမှူးချုပ် ဦးအောင်သက်ပိုင်၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် တွဲဖက်အတွင်းရေးမှူး ဦးအေးထွန်းနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများမှ တာဝန်ရှိသူများကလည်း အွန်လိုင်းမှတစ်ဆင့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်က ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လမှ ဒီဇင်ဘာလအတွင်း အကျဉ်းထောင်၊ အကျဉ်းစခန်းနှင့် အချုပ်ခန်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ခြင်းနှင့်စပ်လျဉ်းသည့် သတင်းထုတ်ပြန်ချက်

### သတင်းထုတ်ပြန်ချက် အမှတ်စဉ် ( ၃ /၂၀၂၁)

၁။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ကော်မရှင်ဥပဒေပုဒ်မ ၄၃ အရ အကျဉ်းကျနေသူများ၊ အချုပ်အနှောင်ခံနေရသူများ သို့မဟုတ် ထိန်းသိမ်းစောင့်ရှောက်ထားခြင်း ခံရသူများကို လူ့အခွင့်အရေးနှင့် သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် ပြည်တွင်းဥပဒေများနှင့်အညီ လူသားချင်းစာနာထောက်ထားမှုဖြင့် စောင့်ရှောက်ထားခြင်း ရှိ၊ မရှိ စိစစ်နိုင်ရန်အတွက် အကျဉ်းထောင်၊ အကျဉ်းစခန်း၊ ရဲစခန်းအချုပ်ခန်း၊ တရားရုံးအချုပ်ခန်းနှင့် ဆေးရုံအချုပ်ခန်းများကို လျာထားချက်များရေးဆွဲ၍ ကြည့်ရှုစစ်ဆေးလျက်ရှိပါသည်။

၂။ ကြည့်ရှုစစ်ဆေးရာတွင် အကျဉ်းထောင်၊ အကျဉ်းစခန်းနှင့် အချုပ်ခန်းများအတွင်းရှိ နေရာများ၊ အကျဉ်းသား၊ အချုပ်သားများ၏ အသုံးအဆောင်များကို ကော်မရှင်ဥပဒေပုဒ်မ ၄၄ နှင့်အညီ ကြည့်ရှုစစ်ဆေးခြင်းများအပြင် အကျဉ်းသား၊ အချုပ်သားများကို လွတ်လပ်စွာ သီးခြားတွေ့ဆုံမေးမြန်းခြင်းများပါ ဆောင်ရွက်ခဲ့ပြီး ကော်မရှင်၏ တွေ့ရှိချက်နှင့် အကြံပြုတိုက်တွန်းချက်များကို သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများသို့ အကြောင်းကြားဆောင်ရွက်လျက်ရှိပါသည်။

၃။ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလမှ ဇူလိုင်လအထိ ကြည့်ရှုစစ်ဆေးခဲ့သည်များကို သတင်း ထုတ်ပြန်ချက်အမှတ်စဉ် (၁၁/၂၀၂၀) ဖြင့် ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။ ၂၀၂၀ ပြည့်နှစ် ဩဂုတ်လမှ ဒီဇင်ဘာလအထိ အကျဉ်းထောင် (၂) ခု၊ အချုပ်ထောင် (၁) ခု၊ အကျဉ်းစခန်း (၂) ခု၊ ရဲစခန်း အချုပ်ခန်း (၃) ခု၊ တရားရုံးအချုပ်ခန်း (၃) ခုနှင့် ဆေးရုံအချုပ်ခန်း (၃) ခု တို့ကို အောက်ပါအတိုင်း ကြည့်ရှုစစ်ဆေးခဲ့ပါသည်-

(က) ဩဂုတ်လ ၁၂ ရက်နေ့နှင့် ၁၃ ရက်နေ့များတွင် မြင်းခြံဗဟိုအကျဉ်းထောင်၊ မြင်းခြံ မြို့ပေါ်ရှိ ရဲစခန်းအချုပ်ခန်း၊ တရားရုံးအချုပ်ခန်းနှင့် ဆေးရုံအချုပ်ခန်းများ၊

(ခ) ဩဂုတ်လ ၁၈ ရက်နေ့မှ ၂၂ ရက်နေ့အထိ မော်လမြိုင်အချုပ်ထောင်၊ ဘားအံအကျဉ်းထောင်နှင့် မာလာဖူးကုန်ထုတ်စခန်း၊ လက္ခဏစိုက်/မွေးစခန်း၊ မော်လမြိုင်မြို့နှင့် ဘားအံမြို့ရှိ ရဲစခန်းအချုပ်ခန်း၊ တရားရုံးအချုပ်ခန်းနှင့် ဆေးရုံအချုပ်ခန်းများ၊

၄။ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လနောက်ပိုင်းတွင် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်ရေး အစီအမံများကြောင့် အကျဉ်းထောင်၊ အကျဉ်းစခန်းများနှင့် အချုပ်ခန်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေးခြင်းကို ယာယီရပ်ဆိုင်းထားခဲ့ရပါသည်။

၅။ ကြည့်ရှုစစ်ဆေးရေးအဖွဲ့နှင့် သီးခြားတွေ့ဆုံလိုသည့် အကျဉ်းသား/သူ၊ အချုပ်သား/သူ (၄၃) ဦးတို့ကို သီးခြားလက်ခံတွေ့ဆုံခဲ့ပြီး ယင်းတို့၏ အခက်အခဲများ၊ လူ့အခွင့်အရေးချိုးဖောက် ခံရမှုများ၊ တရားရေးဆိုင်ရာ တင်ပြချက်များအပေါ် မှတ်တမ်းတင်စိစစ်ကာ တွေ့ရှိချက်များနှင့် အကြံပြုချက်များကို သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများသို့ အကြောင်းကြားခြင်းများ ပြုလုပ်ခဲ့ပါသည်။

၆။ ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ကြည့်ရှုစစ်ဆေးရာတွင် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းပါ "ကုလသမဂ္ဂက ပြဋ္ဌာန်းထားသည့် အကျဉ်းသားများအပေါ် ပြုမူဆက်ဆံမှုနှင့်စပ်လျဉ်းသော အနိမ့်ဆုံးစံနှုန်းများနှင့် ညီ/ မညီ" ကြည့်ရှုစစ်ဆေးရာ အောက်ပါစစ်ဆေးတွေ့ရှိချက်များကို သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းများသို့ ပေးပို့ အကြံပြုခဲ့ပါသည်-

| | | |
|---|---|---|
| (က) | ကျန်းမာရေးဆိုင်ရာ | ၅ ချက် |
| (ခ) | ပညာရေးဆိုင်ရာ | ၁ ချက် |
| (ဂ) | အုပ်ချုပ်မှုဆိုင်ရာ | ၁၈ ချက် |
| (ဃ) | အကျဉ်းထောင်ပြောင်းရွှေ့လိုခြင်း | ၅ ချက် |
| (င) | သန့်ရှင်းရေးဆိုင်ရာ | ၇ ချက် |
| (စ) | အဆောက်အဦဆိုင်ရာ | ၃ ချက် |
| (ဆ) | အကျဉ်းသားမိသားစုနှင့် အဆက်အသွယ်ရလိုခြင်း | ၁ ချက် |
| (ဇ) | ထောင်ဝင်စာတွေ့ဆုံမှု | ၁ ချက် |
| (ဈ) | အစားအသောက်ဆိုင်ရာ | ၂ ချက် |
| | **စုစုပေါင်း** | **၄၃ ချက်** |

၇။ ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် အကျဉ်းထောင်၊ အကျဉ်းစခန်းနှင့် အချုပ်ခန်းများကို ကြည့်ရှုစစ်ဆေးရာတွင် ယခင်ကြည့်ရှုစစ်ဆေးစဉ်က အကြံပြုချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခြင်း၊ ယခုကြည့်ရှုစစ်ဆေးစဉ် အကြံပြုချက်များအပေါ် လိုက်နာဆောင်ရွက်မှု အခြေအနေကိုလည်း အခါအားလျော်စွာ ပြန်လည်ကြည့်ရှုစစ်ဆေးသွားမည် ဖြစ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

ရက်စွဲ၊ ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး TIESS အခမ်းအနားသို့ တက်ရောက်ဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၂၉**

The International Education and Skill Summit–TIESS အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် India Didactics Association က ဦးဆောင်၍ Virtual စနစ်ဖြင့် ကျင်းပသည်။

အခမ်းအနားတွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက "How Can We Develop an Ed–tech Culture in Education Encouraging Creativity and Development of New Approaches Within and Beyond Education?" ခေါင်းစဉ်ဖြင့် ဆွေးနွေးရာတွင် တိုးတက်လာသည့် နည်းပညာပြောင်းလဲခြင်းများနှင့်အတူ စွမ်းဆောင်ရည်မြင့် နည်းပညာသုံးကိရိယာများ အသုံးပြုကာ လေ့လာသင်ယူမှုဝန်းကျင်ကောင်းများကို ပုံဖော်ရန်အတွက် ဒစ်ဂျစ်တယ်ပညာရေးပြုပြင်ပြောင်းလဲမှု ဖြစ်ပေါ်လာပါကြောင်း၊ ၂၁ ရာစု၏ ကျွမ်းကျင်မှုများနှင့် စွမ်းဆောင်ရည်များ ရရှိရန်၊ ရေရှည်တည်တံ့ခိုင်မြဲ၍ ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်(SDGs)ပါ ရည်မှန်းချက် ၁၇ ချက်ပြည့်ဝရန်နှင့် ရာသီဥတုပြောင်းလဲမှု၏ စိန်ခေါ်မှုများကို ရင်ဆိုင်ရန်အတွက် ကျောင်းသား ကျောင်းသူများနှင့် ပညာရေးဝန်ထမ်းများကို ဒစ်ဂျစ်တယ် နည်းပညာများ တတ်မြောက်ရန် လေ့ကျင့်ပေးရမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် KG+12 စနစ်စတင်ကျင့်သုံးခြင်း၊ စွမ်းဆောင်ရည်များ၊ အသိပညာဗဟုသုတများ၊ ကျွမ်းကျင်မှုများ၊ သဘောထားများနှင့် ပင်မ တန်ဖိုးများ ကောင်းမွန်လာစေရေးအတွက် အခြေခံပညာသင်ရိုးညွှန်းတမ်းများကို ပြန်လည်သုံးသပ်ပြင်ဆင်ခြင်း၊ ဆရာများ၊ အရာထမ်း၊ အမှုထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ရန် သင်တန်းပေးခြင်း၊ အခြေခံပညာဆရာ ဆရာမများအားလုံးကို သင်ရိုးသစ်စာအုပ် သင်ကြားနည်းစနစ်များနှင့် သင်ထောက်ကူပစ္စည်းများ ထိရောက်စွာအသုံးပြုနည်း သင်တန်းများ ပို့ချပေးခြင်း၊ ၂ နှစ်သင်ပညာရေးကောလိပ်ကို ၄ နှစ်သင် ပညာရေးဒီဂရီကောလိပ်များအဖြစ် တိုးမြှင့်ဆောင်ရွက်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ၊ နည်းပညာနှင့် အခြေခံအဆောက်အအုံများ ပံ့ပိုးပေးရာတွင် ဖွံ့ဖြိုးမှုအားနည်းသော ဒေသများနှင့် တိုင်းရင်းသားဒေသများကို ဦးစားပေးခြင်း၊ နည်းပညာ၊ သက်မွေးပညာရေးနှင့် လေ့ကျင့်ရေး၊ တက္ကသိုလ်များတွင် လုပ်သားဈေးကွက်လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်သော ဒီဂရီဘွဲ့သင်တန်းများကို တက်ရောက်နိုင်ရေး အခွင့်အလမ်းများ ပိုမိုဖန်တီးပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း။




ထို့အပြင် အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း (၂၀၂၁–၂၀၃၀)ကို ရေးဆွဲလျက်ရှိရာ လူတိုင်းအတွက် ဒစ်ဂျစ်တယ်ပညာရေးကို မဟာဗျူဟာတစ်ခုအနေဖြင့် ကိုဗစ်–၁၉ ကမ္ဘာ့ကပ်ရောဂါကာလနှင့် ကိုဗစ်အလွန်ကာလအတွက် ထည့်သွင်းထားပါကြောင်း၊ အဆိုပါမဟာဗျူဟာကို အကောင်အထည်ဖော်ရန်အတွက် ၂၀၁၉–၂၀၂၁ ဘဏ္ဍာနှစ်တွင် အထက်တန်းကျောင်းတစ်ကျောင်းလျှင် ကွန်ပျူတာ ၁၀ လုံးစီနှင့် တက္ကသိုလ်တစ်ခုလျှင် ကွန်ပျူတာအလုံး ၃၀ စီ ပံ့ပိုးပေးခဲ့ပါကြောင်း၊ ယခု ၂၀၂၁–၂၀၂၂ ဘဏ္ဍာနှစ်၌ အခြေခံပညာကျောင်းတစ်ကျောင်းလျှင် Tablet တစ်လုံးစီကို လည်းကောင်း၊ အခြေခံ၊ နည်းပညာ၊ သက်မွေးပညာနှင့် တက္ကသိုလ်များတွင် Tablets၊ Laptops၊ Computers များ ပံ့ပိုးပေးရန်လည်း စီစဉ်ထားပါကြောင်း၊ ဒစ်ဂျစ်တယ် လေ့လာသင်ယူမှုစင်တာများ ဖွင့်ပေးကာ ရေရှည်တွင် အိုင်စီတီဆိုင်ရာ လိုအပ်သောပစ္စည်းများကို ဆက်လက်ပံ့ပိုးပေးမည်ဖြစ်ပါကြောင်း။

တက္ကသိုလ်များ၊ ပညာရေးဒီဂရီကောလိပ်များတွင် အင်တာနက်လိုင်းများ၊ Wifi ရရှိရေးနှင့် Websites များ တည်ထောင်နိုင်ရေးအတွက် ပံ့ပိုးပေးလျက်ရှိပါကြောင်း၊ Learning Management System (LMS) ကို အသုံးပြု၍ အခြေခံပညာကဏ္ဍ၊ အဆင့်မြင့်ပညာကဏ္ဍနှင့် နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးကဏ္ဍများရှိ ဆရာ ဆရာမများအတွက် ဒစ်ဂျစ်တယ်နည်းပညာဖြင့် သင်ကြားသင်ယူမှုနည်းစနစ်များကို သင်ကြားပို့ချပေးလျက်ရှိပါကြောင်း။

တက္ကသိုလ်များတွင်လည်း မဟာဘွဲ့သင်တန်းများ၊ ပါရဂူဘွဲ့သင်တန်းများ၊ ဒီပလိုမာသင်တန်းများကို အွန်လိုင်းမှတစ်ဆင့်ပို့ချရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာဒစ်ဂျစ်တယ်ပညာရေးပလက်ဖောင်းမှတစ်ဆင့် Website ပေါ်တွင် တင်ထားသည့် အခြေခံပညာကျောင်းသင်ခန်းစာများ၊ နည်းပညာနှင့်သက်မွေးပညာရပ်များကို မည်သူမဆို မှတ်ပုံတင်ရန် မလိုဘဲ အင်တာနက်အခမဲ့ဖြင့် သုံးစွဲနိုင်ပါကြောင်း၊ လွန်ခဲ့သည့် သုံးလခန့်က သင်တန်းသား ၂၀၀၀ ကျော်ကို LMS၊ Digitization နှင့် Video Editing သင်တန်းပို့ချပေးနိုင်ခဲ့ပါကြောင်း၊ အင်တာနက်လိုင်းများ မရရှိသည့် ဝေးလံခေါင်ဖျားဒေသများနှင့် ဖွံ့ဖြိုးမှုနည်းပါးသည့် ဒေသများသို့ DBE Boxes နှင့် DBE Sticks များ အခမဲ့ဖြန့်ဝေပေးခဲ့ပါကြောင်း၊ အရည်အသွေးရှိသည့် ပညာရေးနှင့် နည်းပညာများကသာ ပိုမိုဆိုးရွားသည့် မညီမျှမှုများကို ကာကွယ်တားဆီးခြင်းနှင့် လူတိုင်းအတွက် သာယာဝပြောသည့် အနာဂတ်ကို ဖန်တီးပေးနိုင်မည်ဖြစ်ပါကြောင်း၊ မျက်မှောက်ကမ္ဘာကြီးတွင် ကျောင်းသားများအားလုံး စဉ်ဆက်မပြတ် လေ့လာသင်ယူမှုအခွင့်အလမ်းများ ရရှိရန်အတွက် တာဝန်ယူမှု၊ တာဝန်ခံမှု၊ ပူးပေါင်းဆောင်ရွက်မှုများ၊ စုပေါင်းအင်အားများဖြင့် ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ယင်းနောက် Secretary General of Education and Research, Estonia၊ Lead, International Cloud Innovation Porgrammes & International Education Strategy၊ Amazon Web Services နှင့် Director General, British Educational Suppliers Association တို့နှင့်အတူ Panel Discussion ဆက်လက်ဆွေးနွေး မေးမြန်းဖြေကြားခဲ့သည်။

**သတင်းစဉ်**




# ဆွစ်ဇာလန်နိုင်ငံက Cobas Liat ဓာတ်ခွဲစက်ပစ္စည်း ခြောက်လုံးနှင့် ဆက်စပ်ဓာတ်ခွဲခန်းသုံးပစ္စည်း ၈၀၂၀ ပေးအပ်လှူဒါန်း

**ရန်ကုန် ဇန်နဝါရီ ၂၉**

ကိုဗစ်–၁၉ ရောဂါရှာဖွေရေးတွင် အသုံးပြုရန်အတွက် ဆွစ်ဇာလန်နိုင်ငံ Swiss Agency For Development and Cooperation(SDC) က ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ Cobas Liat ဓာတ်ခွဲစက်ပစ္စည်း ခြောက်လုံးနှင့် ဆက်စပ်ဓာတ်ခွဲခန်းသုံးပစ္စည်း ၈၀၂၀ ပေးအပ်လှူဒါန်းသည့် အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ဇီဝကလမ်း အမှတ် (၅)ရှိ ဆေးသုတေသနဦးစီးဌာနရုံးချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာဇော်သန်းထွန်းက အမှာစကားပြောကြားပြီး အမျိုးသားကျန်းမာရေးဆိုင်ရာ ဓာတ်ခွဲဌာန(ရန်ကုန်) ဒုတိယညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာဌေးဌေးတင်က ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံသံရုံး၊ Swiss Cooperation office Myanmar မှ Deputy Head of Cooperation Mrs. Rea Bonzi၊ Roche Diagnostics Myanmar မှ General Manager Ms. Christina Yong နှင့် UNICEF Myanmar မှ မြန်မာနိုင်ငံဌာနေကိုယ်စားလှယ် Ms. June Kunugi တို့က လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြသည်။

ထို့နောက် Deputy Head of Cooperation Mrs. Rea Bonzi နှင့် General Manager Ms. Christina Yong တို့က ကိုဗစ်–၁၉ ရောဂါရှာဖွေရေးတွင် အသုံးပြုရန် Cobas Liat ဓာတ်ခွဲစက်ပစ္စည်း ခြောက်လုံးနှင့် ဆက်စပ်ဓာတ်ခွဲခန်းသုံးပစ္စည်း ၈၀၂၀ ကို ပေးအပ်လှူဒါန်းရာ ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာဇော်သန်းထွန်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ဆွစ်ဇာလန်နိုင်ငံ Swiss Agency for Development and Cooperation (SDC)က လှူဒါန်းသည့် ကိုဗစ်–၁၉ ရောဂါ ရှာဖွေရေးသုံး Cobas Liat ဓာတ်ခွဲစက်ပစ္စည်း ခြောက်လုံးနှင့် ဆက်စပ်ဓာတ်ခွဲခန်းသုံးပစ္စည်း ၈၀၂၀ ၏ တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၄၅၄၃၄ တန်ဖိုးရှိကြောင်း၊ ရခိုင်ပြည်နယ် မောင်တောမြို့၊ စစ်တွေမြို့၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့နှင့် ကရင်ပြည်နယ် မြဝတီမြို့တို့ရှိ ဓာတ်ခွဲဌာနများသို့ ဓာတ်ခွဲစက်ပစ္စည်း တစ်ခုစီနှင့် ဆက်စပ်ဓာတ်ခွဲခန်းသုံးပစ္စည်းများကိုလည်းကောင်း၊ ကရင်ပြည်နယ် လှိုင်းဘွဲမြို့ ကျန်းမာရေးနှင့် ကယ်ဆယ်ရေးဌာနသို့ ဓာတ်ခွဲစက်ပစ္စည်းတစ်ခုနှင့် ဆက်စပ်ဓာတ်ခွဲခန်းသုံးပစ္စည်းများကို လည်းကောင်း ပေးအပ်လှူဒါန်းခြင်းဖြစ်ကြောင်း သိရှိရသည်။

**သတင်း – ကိုကိုဇော်**
**ဓာတ်ပုံ – ဇော်မင်းလတ်**

# ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်က ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသို့ ဓာတ်ခွဲစက်ပစ္စည်းများနှင့် ဆက်စပ်ဓာတ်ခွဲခန်းသုံးပစ္စည်းများ ပေးအပ်လှူဒါန်း

**ရန်ကုန် ဇန်နဝါရီ ၂၉**

မြန်မာနိုင်ငံ၏ ကိုဗစ်–၁၉ ရောဂါတိုက်ဖျက်ရေးလုပ်ငန်းများတွင် အထောက်အကူပြုရန်အတွက် ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP)က ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ ဓာတ်ခွဲစက်ပစ္စည်းများနှင့် ဆက်စပ်ဓာတ်ခွဲခန်းသုံးပစ္စည်းများ ပေးအပ်လှူဒါန်းသည့် အခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ဇီဝကလမ်းရှိ ဆေးသုတေသနဦးစီးဌာနရုံးချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာဇော်သန်းထွန်းက ကျေးဇူးတင်စကားပြောကြားပြီး ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်(WFP)မှ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Stephen Anderson နှင့် မြန်မာနိုင်ငံလူသားချင်းစာနာမှုဆိုင်ရာ ရန်ပုံငွေ(MHF)၏ မန်နေဂျာ Mr. Narciso Rosa–Berlanga တို့က လှူဒါန်းရခြင်းနှင့်ပတ်သက်ပြီး ရှင်းလင်းပြောကြားကြသည်။

ထို့နောက် WFP မှ မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ် Mr. Stephen Anderson က ကိုဗစ်–၁၉ ရောဂါရှာဖွေရေးတွင် အသုံးပြုရန်အတွက် အမေရိကန်ဒေါ်လာ ၂၆၀၀၀၀ တန်ဖိုးရှိ Cobas Liat ဓာတ်ခွဲစက်ပစ္စည်း လေးလုံးနှင့် ဆက်စပ်ဓာတ်ခွဲခန်းသုံးပစ္စည်း ၄၀၀၀ ကို လွှဲပြောင်းပေးအပ်ရာ ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာဇော်သန်းထွန်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

လှူဒါန်းမှုနှင့်ပတ်သက်၍ WFP မှ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Stephen Anderson က "ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာနအနေနဲ့ ရခိုင်ပြည်နယ်က လိုအပ်တဲ့နေရာတွေမှာ အသုံးပြုနိုင်ဖို့ ရည်ရွယ်ပြီး လှူဒါန်းတာပါ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေနဲ့ ရခိုင်ပြည်နယ်မှာ ကိုဗစ်–၁၉ ရောဂါ တုံ့ပြန်မှုစီမံချက်တွေ၊ လုပ်ငန်းတွေကို ပိုမိုပြီး အားပေးနိုင်လိမ့်မယ်။ တစ်ချိန်တည်းမှာပဲ ရခိုင်ပြည်နယ်မှာ လူသားချင်းစာနာထောက်ထားမှုအတွက် အကူအညီပေးနေတဲ့ ဝန်ထမ်းတွေကို ကိုဗစ်–၁၉ ရောဂါ စစ်ဆေးပေးဖို့ လိုအပ်ချက်ကိုလည်း ဖြည့်ဆည်းပေးနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။ လက်ရှိကာလမှာ မြန်မာနိုင်ငံအနေနဲ့ ဓာတ်ခွဲစမ်းသပ်စစ်ဆေးမှုတွေ မြင့်တက်လာသလို ကာကွယ်ဆေးထိုးတဲ့ လုပ်ငန်းတွေကိုလည်း ဆောင်ရွက်နေတာတွေ့ရှိရတဲ့အတွက် အများကြီး ဂုဏ်ယူဝမ်းမြောက်မိပါတယ် "ဟုပြောသည်။

အဆိုပါ ဓာတ်ခွဲစက်ပစ္စည်းများအား ဆွစ်ဇာလန်နိုင်ငံ အခြေစိုက် ကျန်းမာရေးစောင့်ရှောက်မှုကုမ္ပဏီ Roche ထံမှ တိုက်ရိုက်ဝယ်ယူခဲ့ခြင်းဖြစ်ပြီး ယင်းစက်များကို Cobas Liat System ဖြင့် အသုံးပြုထားပြီး multiplex real–time polymerase ကွင်းဆက်တုံ့ပြန်မှု စမ်းသပ်မှုဖြစ်သည့် PCR စစ်ဆေးမှုဖြင့် ရောဂါပိုး ရှိ၊ မရှိကို မိနစ် ၂၀ အတွင်း စစ်ဆေးသိရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ – ဇော်ကြီး**



# မြန်မာနိုင်ငံဆေးကောင်စီ ဒုတိယလေးနှစ်သက်တမ်း၏ ပထမအကြိမ် ဗဟိုကောင်စီအစည်းအဝေး (၁/၂၀၂၁) ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၉**
မြန်မာနိုင်ငံဆေးကောင်စီ ဒုတိယလေးနှစ်သက်တမ်း၏ ပထမအကြိမ် ဗဟိုကောင်စီအစည်းအဝေး (၁/၂၀၂၁) ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။



### အရေးကြီးသောအဖွဲ့ကြီးဖြစ်

အစည်းအဝေးတွင်မြန်မာနိုင်ငံဆေးကောင်စီနာယက၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက မြန်မာနိုင်ငံ ဆေးကောင်စီသည် မြန်မာနိုင်ငံ၏ ကျန်းမာရေးဝန်ဆောင်မှုကဏ္ဍ အဆင့်အတန်းမြင့်မားစေရေးနှင့် ဆေးပညာရှင်များ၏ ကျန်းမာရေးစောင့်ရှောက်မှုအရည်အသွေး မြှင့်တင်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဆေးပညာကဏ္ဍနှင့် ဆရာဝန်ထုတစ်ခုလုံးအတွက် အရေးကြီးသော အဖွဲ့ကြီးဖြစ်ပါကြောင်း။

မြန်မာနိုင်ငံဆေးကောင်စီဥပဒေကို ၂၀၁၅ ခုနှစ်တွင် အသစ်ပြဋ္ဌာန်းခဲ့ပြီး လွန်ခဲ့သောလေးနှစ်တာသက်တမ်း၌ ဆောင်ရွက်ခဲ့သော လုပ်ငန်းအရပ်ရပ်ကြောင့် မြန်မာနိုင်ငံ၏ ကျန်းမာရေးကဏ္ဍ တိုးတက်မှုများရှိလာသည်ကို တွေ့ရပါကြောင်း၊ မြန်မာနိုင်ငံ ဆေးကောင်စီဝင်ဟောင်းများကို မှတ်တမ်းတင်ဂုဏ်ပြု ကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံ ဆေးကောင်စီဥပဒေကို ၂၀၂၀ ပြည့်နှစ်တွင် ပြင်ဆင်ပြဋ္ဌာန်းခဲ့ပြီး နာယက သုံးဦး၏ ကြီးကြပ်မှုဖြင့် အဖွဲ့ဝင် ၆၅ ဦး၊ အလုပ်အမှုဆောင်အဖွဲ့ဝင် ၂၀ တို့ဖြင့် ယခုဖွဲ့စည်းခဲ့ပါကြောင်း၊ မြန်မာနိုင်ငံဆေးကောင်စီအနေဖြင့် လာမည့်လေးနှစ်တာသက်တမ်းတွင် ဆရာဝန်များ၏ ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေး၊ အဆင့်အတန်းကို ထိန်းသိမ်းမြှင့်တင်ရန် စံချိန်စံညွှန်းများ သတ်မှတ်ခြင်းနှင့် ဆန်းစစ်ခြင်း၊ နိုင်ငံပိုင်ဆေးရုံများနှင့် ပုဂ္ဂလိကဆေးရုံများ ကျန်းမာရေးစောင့်ရှောက်မှုအဆင့်အတန်း ထိန်းသိမ်းမြှင့်တင်ရန်အတွက် စံချိန်စံညွှန်းများ သတ်မှတ်ထုတ်ပြန်ခြင်းနှင့် ဆန်းစစ်ခြင်း၊ ဆေးပညာသင်ကြားမှု အဆင့်အတန်းမြင့်မားစေရေးနှင့် အရည်အသွေးပြည့်ဝသော ဆေးပညာရှင်များပိုမိုပေါ်ပေါက်စေရေးအတွက် ပြောင်းလဲလာသော ဆေးပညာသင်ကြားရေးစနစ်များကို လေ့လာသုံးသပ်ပြီး ဆေးတက္ကသိုလ်များနှင့် ညှိနှိုင်းဆွေးနွေးဆောင်ရွက်ခြင်းနှင့် အကြံပြုခြင်း၊ ဆေးပညာစဉ်ဆက်မပြတ် သင်ကြားရေးကိစ္စရပ်များအတွက် ဝန်ကြီးဌာန၊ ဆေးတက္ကသိုလ်များ၊ မြန်မာနိုင်ငံ ဆေးပညာရှင်အသင်း၊ မြန်မာနိုင်ငံဆရာဝန်အသင်းနှင့် ဆေးပညာဘာသာရပ်ဆိုင်ရာအဖွဲ့များနှင့် ညှိနှိုင်းဆွေးနွေးဆောင်ရွက်ခြင်း၊ ဆရာဝန်များ လိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ်သိက္ခာများအား လိုက်နာရန် ကြီးကြပ်ခြင်း စသည့်လုပ်ငန်းများကို ဦးစားပေး၍ ပိုမိုဆောင်ရွက်စေလိုပါကြောင်း။

အဆိုပါလုပ်ငန်းကိစ္စရပ်များကို ဆောင်ရွက်ရန် သက်ဆိုင်ရာကော်မတီ ၁၀ ခု၏ အဖွဲ့ဝင်များကို ရွေးချယ်ဖွဲ့စည်းရာတွင် ဆေးတက္ကသိုလ် ငါးခု အပါအဝင် ဝန်ကြီးဌာနရှိ တက္ကသိုလ် ၁၆ ခုနှင့် ဝန်ကြီးဌာနရှိ ဦးစီးဌာန ခုနစ်ခုတို့မှ ပညာရှင်များပါဝင်စေရန် သေချာစွာ စိစစ်ရွေးချယ်ဖွဲ့စည်းစေလိုပါကြောင်း၊ ထိုသို့ စိစစ်ရွေးချယ်ရာတွင် လုပ်ငန်းအမှန်တကယ် စိတ်ပါဝင်စားမှုရှိပြီး ရှေ့သို့မျှော်မှန်းတွေးဆနိုင်စွမ်းရှိသူ၊ ကျိုးကြောင်းဆီလျော်စွာ ဝေဖန်ပိုင်းခြားနိုင်စွမ်းရှိသူ၊ လက်တွေ့မြေပြင် အခြေအနေများကို သိရှိသူ၊ ဆန်းသစ်သော အတွေးအမြင်များဖြင့် ဆောင်ရွက်နိုင်သူ၊ အခြေအနေအရပ်ရပ်ကို သိမြင်တွက်ဆနိုင်စွမ်းရှိသူနှင့် ပရဟိတစိတ်ရှိသူများကို ရွေးချယ်စေလိုပါကြောင်း။

### ဆောင်ရွက်နိုင်မည်ဟုယုံကြည်

မြန်မာနိုင်ငံဆေးကောင်စီကို အတွေ့အကြုံ အလွန်မြင့်မားသည့် ပညာရှင်ကြီးများဖြင့် ဖွဲ့စည်းထားသည်ဖြစ်၍ ဆေးလောကကို ယခုထက်ပိုမိုတိုးတက် ပြောင်းမြောက်စေရေးနှင့် ဆေးပညာရှင်များ ကျင့်ဝတ်များကို ပိုမိုသိရှိလိုက်နာစေရေးတို့ကို ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ဆရာဝန်ကျင့်ဝတ်များကို အမြဲတမ်းနှလုံးသွင်းလိုက်နာစေရန်အတွက် ဝန်ကြီးဌာနအနေဖြင့် နည်းမျိုးစုံဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံဆေးကောင်စီ အဖွဲ့ဝင်များအနေဖြင့် မြန်မာနိုင်ငံဆေးကောင်စီဥပဒေကို အပြန်ပြန်အလှန်လှန် ကျေညက်စွာဖတ်ရှုခြင်းနှင့် ဆွေးနွေးခြင်းတို့ဖြင့် မိမိတို့၏ အခန်းကဏ္ဍနှင့် လုပ်ဆောင်ရမည့်လုပ်ငန်းများကို ပိုမိုသိရှိကာ ကောင်စီ၏လုပ်ငန်းများကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်မည်ဟု မိမိယုံကြည်ပါကြောင်း၊ မြန်မာနိုင်ငံ ဆေးကောင်စီ၏ လုပ်ငန်းများသည် ဖွံ့ဖြိုးပြီးနိုင်ငံကြီးများတွင် ဆောင်ရွက်နေသည့် ပုံစံများအတိုင်း ဆောင်ရွက်၍ မရနိုင်ဘဲ မြန်မာနိုင်ငံ၏ အရင်းအမြစ်များ အခြေအနေ၊ မြန်မာနိုင်ငံ ဆေးပညာလောကတွင် ဖြစ်ပေါ်နေသော အခြေအနေအရပ်ရပ်တို့နှင့် ကိုက်ညီမှုရှိစေရန်ကိုလည်း သတိပြုရမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံဆေးကောင်စီ၏ ဆေးကုသခွင့် လိုင်စင်အမျိုးအစားအလိုက် လိုင်စင်ပြုလုပ်ခြင်း၊ သက်တမ်းတိုးခြင်းနှင့် အခြားလုပ်ငန်းများအားလုံးကို ခေတ်မီအီလက်ထရွန်နစ်စနစ်၊ အင်တာနက်ကွန်ရက်တို့ကို အသုံးပြုကာ ဆောင်ရွက်စေလိုပါကြောင်း။

သက်ဆိုင်ရာ ဆေးပညာဘာသာရပ်အလိုက် ပညာရှင်များပါဝင်ဖွဲ့စည်းထားသော ဘုတ်အဖွဲ့များမှ ဆေးပညာဘာသာရပ်အလိုက် အသိအမှတ်ပြု (board certified) အထူးကုဆရာဝန်များအဖြစ် သတ်မှတ်နိုင်ရေးကိုလည်း အမြန်ဆုံး ဝိုင်းဝန်းဆွေးနွေးပြီး ဆောင်ရွက်စေလိုပါကြောင်း၊ မြန်မာနိုင်ငံ ဆေးကောင်စီသည် ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုများ ပိုမိုအရည်အသွေးမြင့်မားစေရေးကို ဦးတည်ဆောင်ရွက်ခြင်းဖြစ်ပြီး ဆေးပညာရှင်များ အရည်အသွေးပြည့်ဝမှုနှင့် ကျင့်ဝတ်လိုက်နာဆောင်ရွက်မှုတို့ကို ထိန်းသိမ်းမြှင့်တင်နေခြင်းဖြစ်သဖြင့် နိုင်ငံတော်၊ ပြည်သူများနှင့် ဝန်ကြီးဌာနတို့အတွက် အကျိုးရှိပြီး အရေးကြီးသည့် အဖွဲ့ကြီးဖြစ်ပါကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုအရည်အသွေးနှင့် အဆင့်အတန်းကို ထိန်းသိမ်းမြှင့်တင်ခြင်းမှတစ်ဆင့် ဆေးပညာလောကကြီးတစ်ခုလုံး ယခုထက် ပိုမိုတိုးတက်ကောင်းမွန်စေရေးအတွက် စည်းလုံးညီညွတ်စွာဖြင့် ဆက်လက်ဆောင်ရွက်သွားစေလိုကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆေးကောင်စီ နာယကအဖွဲ့ဝင် ပါမောက္ခ ဒေါက်တာအက်စ်ကျော်လှက မြန်မာနိုင်ငံဆေးကောင်စီ ဒုတိယလေးနှစ်သက်တမ်းအတွက် ကောင်စီအဖွဲ့ဝင်များနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ ရွေးချယ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး နာယကအဖွဲ့ဝင် ပါမောက္ခ ဒေါက်တာမောင်မောင်ဝင့်က မြန်မာနိုင်ငံဆေးကောင်စီ ဒုတိယလေးနှစ်သက်တမ်းအတွက် ရွေးချယ်ခြင်းခံရသော အလုပ်အမှုဆောင်အဖွဲ့ဝင်များ၏ အမည်စာရင်းကို ဖတ်ကြားသည်။

ယင်းနောက် မြန်မာနိုင်ငံဆေးကောင်စီ ဒုတိယလေးနှစ်သက်တမ်းအတွက် ဥက္ကဋ္ဌအဖြစ် ရွေးချယ်ခန့်အပ်ခြင်းခံရသူ ပါမောက္ခ ဒေါက်တာခင်မောင်အေးက နှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာနိုင်ငံဆေးကောင်စီ၏ ရှေ့ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များအား အကျဉ်းချုပ် ရှင်းလင်းတင်ပြရာ မြန်မာနိုင်ငံဆေးကောင်စီက ဆောင်ရွက်နေသော အဓိကလုပ်ငန်းများတွင် ဆရာဝန်များအတွက် အထွေထွေရောဂါကုလိုင်စင်နှင့် အထူးကုလိုင်စင်များ ထုတ်ပေးခြင်း၊ ပြည်ပမှ ဆေးပညာဘွဲ့ရရှိသူများကို ဆေးကုသခွင့်လိုင်စင်ထုတ်ပေးနိုင်ရန်အတွက် Myanmar Medical Licensing Examination ကို တစ်နှစ် နှစ်ကြိမ် အနည်းဆုံးကျင်းပပေးခြင်း၊ ကျင့်ဝတ်နှင့်ပတ်သက်သော တိုင်ကြားစာများလက်ခံရရှိပါက (သို့မဟုတ်) ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက လွှဲပြောင်းပေးပို့သော ကျင့်ဝတ်သိက္ခာဆိုင်ရာ ပြဿနာကိစ္စရပ်များကို မှန်/ မမှန် စုံစမ်းစစ်ဆေးရခြင်းနှင့် လိုအပ်သလို အရေးယူဆောင်ရွက် ဖြေရှင်းပေးရခြင်းတို့အပြင် ဆေးပညာသင်ကြားရေးနှင့် ကုသရေးလုပ်ငန်းများ စံချိန်စံညွှန်း ပြည့်မီစေရေးအတွက် တရားဝင်အသိအမှတ်ပြုရေးကော်မတီ (Accreditation Committee) ဖွဲ့စည်းဆောင်ရွက်နေပါကြောင်း။

### အဓိကပူးပေါင်းဆောင်ရွက်လျက်ရှိ

မြန်မာနိုင်ငံဆေးကောင်စီသည် ဆေးပညာလောကနှင့်ပတ်သက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ညီနောင်အသင်းများဖြစ်သည့် မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့နှင့် မြန်မာနိုင်ငံ ဆရာဝန်အသင်းတို့နှင့် အဓိက ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံဆေးကောင်စီအနေဖြင့် လာမည့်ကာလများတွင် အခြားနိုင်ငံများနည်းတူ ဆေးကုသခွင့်လိုင်စင် ထုတ်မပေးမီတွင် စဉ်ဆက်မပြတ် ဆေးပညာသင်ကြားရေးအစီအစဉ်များ (Continuing Medical Education) ကို တက်ရောက်သင်ကြားပြီးစီးမှု အဆင့်အမှတ် (credit) များဖြင့် ဆန်းစစ်ပြီး ထုတ်ပေးသည့်စနစ်ကို ကျင့်သုံးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော မြန်မာနိုင်ငံဆေးကောင်စီအဖွဲ့ဝင်များက အထွေထွေကိစ္စရပ်များကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက မိမိအနေဖြင့် မြန်မာနိုင်ငံဆေးကောင်စီကို အထူးအားကိုး ယုံကြည်လေးစားသကဲ့သို့ အလုပ်အမှုဆောင်များနှင့် ဆေးကောင်စီအဖွဲ့ဝင်များအနေဖြင့် မြန်မာနိုင်ငံ ဆေးလောကတစ်ခုလုံးကို တိုးတက်အောင် ဆောင်ရွက်နေခြင်းဟူသော အသိစိတ်ဓာတ် ကိန်းဝပ်ကာ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ဆက်လက်ဆောင်ရွက်စေလိုပါကြောင်း၊ ထိုသို့ ဆောင်ရွက်ပါက နောက်ဆုံးအကျိုးကျေးဇူးရှိမည့်သူများမှာ ပြည်သူများဖြစ်ပြီး ပြည်သူများအားလုံးသည် အရည်အသွေးပြည့် ကျန်းမာရေးဝန်ဆောင်မှုများကို ရရှိမည်ဖြစ်ပါကြောင်း ပြောကြားသည်။

**သတင်းစဉ်**

---

**❖ ကျောက်ကြီးမြို့နယ်မှ**

ထောက်ပံ့ပေးအပ်ရာတွင် အိမ်ထောင်စုဇယားမိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားဖြစ်ကြောင်း ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၏ ထပ်ဆင့်ထောက်ခံချက်များဖြင့် စိစစ်ပြီး ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကျောက်ကြီးမြို့နယ်၌ ကိုဗစ်-၁၉ ဖြစ်ပွားသည့် ကာလအတွင်း အခြေခံလူတန်းစားများအား ၂၀၂၀ ပြည့်နှစ် ဧပြီလတွင် အခြေခံစားကုန်ငါးမျိုးကို နိုင်ငံတော်အစိုးရက ထောက်ပံ့ပေးခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် ကျန်ရှိသည့် အိမ်ထောင်စုများအတွက်လည်း ဇူလိုင်လတွင် အိမ်ထောင်စု တစ်စုလျှင် ငွေကျပ် ၁၅၀၀၀ နှုန်းဖြင့် ထောက်ပံ့ပေးခဲ့ခြင်းဖြစ်သည်။ ထို့ပြင် ဩဂုတ်လတွင် အိမ်ထောင်စု တစ်စုလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် နိုင်ငံတော်အစိုးရက ပထမအကြိမ်ထောက်ပံ့ပေးခဲ့ပြီး အဆိုပါလတွင်ပင် ဒုတိယအကြိမ် ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

ထို့နောက် စက်တင်ဘာလတွင် တတိယအကြိမ်ထောက်ပံ့ပေးခဲ့ကာ၊ နိုဝင်ဘာ ၁၀ ရက်တွင် စတုတ္ထအကြိမ် အိမ်ထောင်စု တစ်စုလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ထောက်ပံ့ပေးအပ်ခဲ့ပြီး ယခု အကြောင်းအမျိုးမျိုးကြောင့် ကျန်ရှိခဲ့သည့် အိမ်ထောင်စု ၅၈၂၇ စုအား ထောက်ပံ့ရခြင်းဖြစ်ကြောင်း မြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီမှသိရသည်။

**ကိုသားကြီး(ကျောက်ကြီး)**

---

**○ မကွေးတိုင်းဒေသကြီးမှ**

ငွေကျပ် ၃၁၀၂ သန်းကျော်၊ ၂၀၁၈ မီနီဘတ်ဂျက်တွင် ရေနံစည် ၉ သိန်းကျော်မှ ငွေကျပ် ၂၇၅၉ သန်းကျော်၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ရေနံစည် ၂၃ သိန်းကျော်မှ ငွေကျပ် ၁၁၇၃၇ သန်းကျော်၊ ၂၀၁၉- ၂၀၂၀ဘဏ္ဍာနှစ်တွင် ရေနံစည် ၁၉ သိန်းခန့်မှ ငွေကျပ် ၉၄၃၈ သန်းကျော် တို့ဖြစ်သည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ရေနံလက်ရက်တွင်းတိမ် သက်တမ်းတိုးလုပ်ကွက် ၁၂ ကွက်ရှိပြီး လုပ်ကွက်အသစ်လျှောက်ထားမှုမှာ ၄၅ ကွက်ရှိကြောင်း၊ အဆိုပါလုပ်ကွက်များ ခွင့်ပြုချက်ရရှိရေးအတွက် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် EMP(Environmental Manage-ment Plan) ရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း တိုင်းဒေသကြီးအစိုးရမှတ်တမ်းများအရ သိရသည်။

**ဇေယျာတု(မကွေး)**

---

# အင်းစိန်မြို့နယ် စေတနာရှင်ပြည်သူများက ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရန် အလှူငွေများ လှူဒါန်း

**ရန်ကုန် ဇန်နဝါရီ ၂၉**
ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၌ စေတနာရှင် အလှူရှင်ပြည်သူများ စုပေါင်း၍ နိုင်ငံတော်သို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးဝယ်ယူရန် ဒုတိယအကြိမ် အလှူငွေပေးအပ်ခြင်းကို ယနေ့ ညနေ ၃ နာရီတွင် အင်းစိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ မြန်မာ့စီးပွားရေးဘဏ် (အင်းစိန်)နှင့် ချိတ်ဆက်၍ လွယ်ကူလျင်မြန်စွာ တစုတစည်းတည်း စီစဉ်ကျင်းပခဲ့သည်။



ထိုသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးဝယ်ယူရန် အင်းစိန်မြို့နယ်အတွင်းရှိ စေတနာရှင်၊ အလှူရှင်ပြည်သူများ စုပေါင်း၍ ငွေကျပ် ၂၃၅၅၉၀၀၀ ကို လှူဒါန်းခဲ့ကြပြီး အဆိုပါလှူဒါန်းငွေများကို မြို့နယ် ကိုဗစ် - ၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီ၏ ဦးဆောင်မှုဖြင့် အမှတ် (၂) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝေဖြိုးဟန်၊ မြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းအောင်နှင့် တာဝန်ရှိသူတို့က နိုင်ငံတော်၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဝယ်ယူရေး ရန်ပုံငွေထဲသို့ ထည့်ဝင်နိုင်ရန် အင်းစိန်မြို့နယ် မြန်မာ့စီးပွားရေးဘဏ် မန်နေဂျာ ဦးထက်နိုင်ထံ အလှူရှင်များကိုယ်စား လွှဲပြောင်း လှူဒါန်းပေးအပ်ခဲ့ကြောင်း သိရသည်။

**ဉာဏ်ဟိန်း**

# ဂုဏ်ယူမိပါသည်

ဒေါက်တာသီတာအောင်
အမျိုးသားသွေးဌာန

၂၀၂၁ ခုနှစ် ဇန်နဝါရီလ ၉ ရက်နေ့ထုတ် ကြေးမုံ သတင်းစာပါ ဆောင်းပါးရှင် ဦးကြည်ဝင်း (ရာပြည့်)၏ ***"လူငယ်များသွေးသန့်စင်၊ အသက်ကယ်ကြစို့ ကမ္ဘာ တစ်ခွင်"*** ဆိုတဲ့ဆောင်းပါးကို ဖတ်ရှုလိုက်ရလို့ လွန်စွာပဲ အားတက်မိပါတယ်။ ဆရာကြီးအနေနဲ့ အသက် (၇၀) ကျော်ပြီး (၁၅၃) ကြိမ်မြောက် သွေးလှူဒါန်းခဲ့တာကို အားမရနိုင်အောင် ခံစားမိလို့ နောင်မျိုးဆက်တွေကို တိုက်တွန်းခဲ့တာတွေ့ရပါတယ်။ မိမိတို့မမီလိုက်ရတဲ့ မြန်မာနိုင်ငံရဲ့ သွေးလှူဘဏ်အခြေအနေ၊ ပြည်သူများ၊ အနုပညာရှင်များ၊ အုပ်ချုပ်သူများ၊ မီဒီယာများရဲ့ တက်ကြွစွာ အကူအညီပေးမှုတွေကို သိရှိလိုက်ရလို့ အားရမိပါတယ်။

ဆရာကြီးဖော်ပြခဲ့သလိုပါပဲ ၁၅ ရာစုနှစ်ပိုင်း မတိုင်မီက သွေးသွင်းကုသမှုကို (Dark age) လို့ ခေါ်ဆိုရလောက်အောင် သွေးနဲ့ပတ်သက်ပြီး လွဲမှားတဲ့အတွေးအခေါ်၊ အယူအဆတွေ ရှိခဲ့ပါတယ်။

**Rh လို့ခေါ်တဲ့ သွေးအုပ်စု**

လူပေါင်းများစွာ၊ တိရစ္ဆာန်ပေါင်းများစွာရဲ့ အသက်ပေါင်းများစွာကို ဆုံးရှုံးခဲ့ရတဲ့ လွဲမှားသော စမ်းသပ်မှုတွေကိုလည်း ၁၇ ရာစုလောက်အထိ ပြုလုပ်ခဲ့ကြပါတယ်။ အမှန်တကယ်အကျိုးရှိကြောင်းကို ၂၀ ရာစုနှစ်မှစပြီး သိရှိခွင့်ရခဲ့လို့ သွေးကိုအသက်ကယ်နိုင်တဲ့ ကုသပစ္စည်းအဖြစ်နဲ့ စတင်ကျင့်သုံးခဲ့ကြပါတယ်။ ဒါပေမဲ့ သွေးဟာ ကောင်းကျိုးကိုပဲ ပေးတာမဟုတ်ဘဲ ဆိုးကျိုးလည်း ရှိကြောင်းဆိုတာကို Rh လို့ခေါ်တဲ့ သွေးအုပ်စုကြောင့် ၁၉၃၉ ခုနှစ်မှာ ပြန်လည်သတိထားလာမိကြပါတယ်။

ဒီသွေးအုပ်စုတွေကြောင့် ဖြစ်ရတဲ့ဆိုးကျိုးကို ပြန်ကာကွယ်ဖို့ သိပ္ပံနည်းကျ စမ်းသပ်သုတေသနပြုလုပ်ခဲ့တဲ့အတွက်ကြောင့် အခုချိန်မှာဆိုရင် သွေးအုပ်စုကြောင့် ဖြစ်ပေါ်တဲ့ အသက်အန္တရာယ်ဆိုတာ မတွေ့ရသလောက်ပါပဲ။ ဒါပေမဲ့ ကိုင်တွယ်သူတွေရဲ့ (Human Error) မှားယွင်းမှုကြောင့် ဆိုးကျိုးတွေကိုတော့ ကြုံတွေ့နေရဆဲပဲဖြစ်ပါတယ်။ ၁၉၈၀ ပြည့်နှစ်နောက်ပိုင်းအချိန်တွေမှာတော့ သွေးမကြာခဏသွင်းတဲ့သူတွေမှာ တွေ့ရှိရတဲ့ အဆုတ်ရောင်ရောဂါကြောင့် သွေးသွင်းခြင်းရဲ့ဆိုးကျိုးတွေ ပြန်ပြီးဦးမော့လာတာ တွေ့ရပါတယ်။

အဲဒီအချိန်ကစပြီး သိပ္ပံပညာရှင်တွေရဲ့ စဉ်ဆက်မပြတ် ရှာဖွေမှုကြောင့် (Human Immunodeficiency Virus) ရောဂါပိုးဟာ သွေးကတစ်ဆင့် ကူးစက်နိုင်ကြောင်း တွေ့ရပြီး ၎င်းပိုးကိုစမ်းသပ်ဖို့အတွက် ဆက်လက်တီထွင်ခဲ့ကြပါတယ်။ ၁၉၈၅ ခုနှစ် ပတ်ဝန်းကျင်မှာ အဲဒီပိုးရဲ့ လုံ့ဆော်မှုကြောင့် ထွက်လာတဲ့ တုံ့ပြန်ပဋိပစ္စည်းကို စမ်းသပ်နိုင်ခဲ့ကြပါတယ်။

ရှေးဦးစွာ အသုံးပြုခဲ့တဲ့ နည်းပညာတွေမှာ ပိုးစတင်ဝင်ရောက်ပြီး ခြောက်လကြာမှ စမ်းသပ်မှုက ပိုးဝင်ရောက်နေပြီဆိုတာ ညွှန်ပြနိုင်ခဲ့ပါတယ်။ ပိုးဝင်ရောက်ချိန်နဲ့ စမ်းသပ်မှုမှ စတင်တွေ့ရှိနိုင်မယ့် ကြားကာလကို Window Period လို့ သတ်မှတ်ခဲ့ပါတယ်။ အဲဒီကာလရှည်ကြာလေလေ သွေးစမ်းသပ်မှုက မတွေ့ပါဘူးဆိုတဲ့အဖြေဟာ သွေးသွင်းခံရမယ့် လူနာအတွက် အန္တရာယ်ကင်းပါတယ်လို့ အာမမခံနိုင်လေလေ ဖြစ်လာပါတယ်။ အဲဒီတော့ ဘယ်အရာက လူနာတွေအတွက် အာမခံနိုင်ပါ့မလဲ။

ကိုယ့်ရဲ့လူနေမှုစရိုက်ဟာ ရောဂါကူးတဲ့အခြေအနေ မရှိပါဘူးဆိုတာကို တာဝန်ယူနိုင်မယ့် သွေးလှူရှင်တွေပဲ ဖြစ်လာပါတော့တယ်။ လိုအပ်လို့ အပူတပြင်း လှူဒါန်းပေးရတဲ့သူတွေမဟုတ်ဘဲ ကိုယ့်ကိုယ်ကိုယ် သေချာစိစစ်ပြီးမှ လာရောက်လှူဒါန်းသူတွေကို ဖိတ်ခေါ်ကြရပါတော့တယ်။ သွေးလှူဒါန်းမှုပြုရင်လည်း ပိုးကူးစက်နိုင်တဲ့ အခြေအနေ နေထိုင်မှုစရိုက် ရှိ/မရှိကို သေချာသုံးသပ်ပေးတဲ့ မေးခွန်းဖြေဆိုမှုကိုလည်း ပြုလုပ်ရပါတယ်။ အဲဒီမေးခွန်းလွှာတွေကို ကိုင်တွယ်ဆုံးဖြတ်ပေးတဲ့ အသိပညာရှင်တွေကို မွေးထုတ်ရသကဲ့သို့ သူတို့ရဲ့ လုပ်ဆောင်ချက်၊ ဆုံးဖြတ်ချက်တွေနဲ့ ထွက်ပေါ်လာတဲ့ ပိုးစစ်ဆေးမှုရလဒ်တွေကိုလည်း ပြန်လည်သုံးသပ်ရပါတယ်။ အဲဒီအချိန်ကစပြီး လူနာတွေအန္တရာယ်ကင်းဖို့အတွက် သွေးလှူရှင်များရဲ့ တာဝန်ခံယူမှုဟာ အရေးအပါဆုံး ဖြစ်လာပါတယ်။

လူနာတွေ လုံလောက်စွာရဖို့ဆိုတာကလည်း အရေအတွက်အားဖြင့် မတိုးပွားလာရင် ဘယ်လိုမှလိုအပ်ချိန်မှာ ကုသမှုခံယူနိုင်ဖို့ ထောက်ပံ့နိုင်မှာ မဟုတ်ပါဘူး။ ဒါကြောင့် မလိုအပ်ခင်က ကြိုတင်လှူဒါန်းမယ့် စေတနာရှင်တွေရဲ့ကဏ္ဍဟာ အရေးအပါဆုံး ဖြစ်လာပါတယ်။

ဒါဟာလည်း တိုးတက်တဲ့တိုင်းပြည်တွေက သူတို့ပေးတဲ့ဝန်ဆောင်မှုကြောင့် ထွက်ပေါ်လာမယ့် ဆိုးကျိုးတွေကို စဉ်ဆက်မပြတ်ရှာဖွေ၊ သုံးသပ်၊ ပြင်ဆင်ခဲ့လို့ စေတနာသွေးလှူရှင်သည်သာ လူနာတွေအတွက် အရေးပါဆုံးဆိုတာ ပေါ်လွင်လာတာဖြစ်ပါတယ်။ သွေးသွင်းကုသမှုဟာ တစ်ကမ္ဘာလုံးရှိ HIV ကူးစက်မှုရဲ့ ၁၀ ရာခိုင်နှုန်းကနေ ၁၅ ရာခိုင်နှုန်းဖြစ်တယ်လို့ ၂၀၀၀ ပြည့်နှစ်လောက်က စထွက်ပေါ်လာပြီးတဲ့နောက် စေတနာသွေးလှူရှင်စုဆောင်းမှုကို ပညာရှင်များက တစ်ကမ္ဘာလုံး အတိုင်းအတာနဲ့ တွန်းအားပေးခဲ့ကြလို့ **"ကမ္ဘာ့သွေးလှူရှင်များနေ့"** ဆိုတာ ဖြစ်ပေါ်လာတာ ဖြစ်ပါတယ်။

ဒီလို တွန်းအားပေးရတာလည်း ဖွံ့ဖြိုးဆဲတိုင်းပြည်တွေရဲ့ သွေးသွင်းကုသမှုအခြေအနေတွေကို သူတို့ဘက်က ကောက်ယူထားတဲ့ (Global database for blood safety) ဆိုတဲ့ စစ်တမ်းကနေ တွေ့ရှိရလို့ပါပဲ။ အဲဒီစစ်တမ်းကို ကမ္ဘာပေါ်မှာရှိတဲ့ နိုင်ငံအားလုံးရဲ့ သွေးဘဏ်လုပ်ငန်းတွေက ဖြေဆိုပေးရပါတယ်။ မြန်မာနိုင်ငံလည်း ပါဝင်ခဲ့ရပါတယ်။

**၂၀၂၀ ပြည့်နှစ်မှာ လှူဒါန်းမှုများအနက် ၃၅၆၈၃ ယူနစ်ကို အသက် ၁၈ နှစ်မှ ၂၉ နှစ်အတွင်း လူငယ်လေးတွေ ထောက်ပံ့သွားပါတယ်။ ဒါဟာ စုစုပေါင်း လှူဒါန်းမှုရဲ့ ၅၅ ရာခိုင်နှုန်း ဖြစ်ပါတယ်။ ၃၉ နှစ်အထိ တွက်လိုက်ရင်တော့ ၈၀ ရာခိုင်နှုန်း (၅၂၂၀၃ ဦး) ဖြစ်လာပါတယ်။ ၂၉ နှစ်အောက် လူငယ်လေးတွေဆိုရင် ၅၅ ရာခိုင်နှုန်း၊ ၃၉ နှစ်အောက် လူငယ်တွေဆိုရင် ၈၀ ရာခိုင်နှုန်း။ အဲဒီလို ထောက်ပံ့မှုမျိုးကို တစ်ကြိမ်တစ်ခါမှ မမျှော်လင့်ရဲခဲ့တဲ့အတွက် လွန်စွာအားရ ကျေနပ်မိ။**

**ပြည်သူတွေရဲ့အားနဲ့ ပြန်ယူခဲ့ရ**

၂၀၀၀ ပြည့်နှစ်ကစတာ Data မပေးနိုင်တဲ့ အခြေအနေနဲ့ စခဲ့ရပါတယ်။ ကမ္ဘာ့မြေပုံပေါ်မှာ No Data ဆိုတဲ့ အခြေအနေဟာ တော်တော်ကိုခံစားခဲ့ရပါတယ်။ ၂၀၀၂ ခုနှစ်ကစပြီး စေတနာသွေးလှူရှင် ၃၅ ရာခိုင်နှုန်းနဲ့ စခဲ့ပါတယ်။ အဲဒီစစ်တမ်းမှာ အုပ်ချုပ်မှု၊ ဝန်ဆောင်မှုပေးတဲ့ Service၊ သွေးလှူရှင်ကဏ္ဍ၊ သွေးမှတစ်ဆင့် ကူးစက်နိုင်တဲ့ ရောဂါပိုးစစ်ဆေးမှု၊ ထွက်ပေါ်လာတဲ့အဖြေ၊ သွေးပစ္စည်းပြင်ဆင်မှု (Component Preparation)၊ သွေးအုပ်စုစစ်ဆေးမှု၊ သွေးအုပ်စုကြောင့်ထွက်ပေါ်လာတဲ့ ပဋိပစ္စည်းတွေ စစ်ဆေးနိုင်မှု၊ ကုသသူပညာရှင်တွေမှ အသုံးပြုတဲ့ရောဂါတွေရဲ့ အခြေအနေ၊ အရေအတွက်၊ သွေးသွင်းခြင်းကြောင့်ရရှိတဲ့ ဆိုးကျိုးများ စသည်ဖြင့် လွန်စွာများပြားသော အချက်များ ပါဝင်ပါတယ်။ အဲဒီစစ်တမ်းရဲ့ Feedback တွေမှ အခြားတိုင်းပြည်တွေရဲ့ အခြေအနေတွေကို တွေ့ခွင့်ရတော့ ကိုယ့်တိုင်းပြည်ရဲ့ ညွှန်းကိန်းတွေကို ပြောင်းလဲအောင် ဆောင်ရွက်ဖို့လိုအပ်တယ်ဆိုတာ တွေ့လိုက်ရပါတယ်။ ဒီလိုအဆင့်ဆင့်ပြောင်းလဲမှုတွေ ကြိုးပမ်းတဲ့အခါ သွေးလှူရှင်ကိုလိုအပ်မှသာ ခေါ်ယူလာခဲ့ရင် ဒီအချက်တွေကို လုံးဝပြင်ဆင်နိုင်မှာ မဟုတ်တာ တွေ့ရပါတော့တယ်။ ဒါကြောင့် မလိုအပ်ခင် လှူဒါန်းတဲ့ သွေးလှူရှင်စုဆောင်းမှုကို ပြည်သူတွေရဲ့အားနဲ့ ပြန်ယူခဲ့ရပါတယ်။

၂၀၁၄ ခုနှစ်မှာ International Society of Blood transfusion က Developing Country Award ကို မြန်မာနိုင်ငံက ရယူနိုင်ခဲ့ပါတယ်။ ဒါဟာလည်း စေတနာသွေးလှူရှင် ၃၅ ရာခိုင်နှုန်းကနေ ၉၈ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့မှုကြောင့်ဖြစ်ပါတယ်။ ၂၀၁၂ ခုနှစ်မှာ သွေးသုံးစွဲမှုဟာ တစ်လကို ၃၅၀၀ ရှိခဲ့ရာမှာ လူနာက ၆၅ ရာခိုင်နှုန်း ခေါ်ယူပေးခဲ့ရပါတယ်။ ကျန်တဲ့ ၃၅ ရာခိုင်နှုန်းကတော့ ဆရာဦးကြည်ဝင်းတို့လို စဉ်ဆက်မပြတ်လှူဒါန်းလိုတဲ့ သွေးလှူရှင်ကြီးတွေက ထောက်ပံ့ခဲ့တာဖြစ်ပါတယ်။ အဲဒီအချိန်မှာ စမ်းသပ်တဲ့ HIV test ဟာ Window Period ခြောက်လရှိခဲ့ပြီး သွေးလှူရှင်တွေရဲ့ စမ်းသပ်တွေ့ရှိမှုမှာ ၁၀၀ မှာ တစ်ယောက်ခန့် တွေ့ရှိခဲ့ပါတယ်။

၂၀၁၆ ခုနှစ်မှာတော့ သွေးမှတစ်ဆင့်ပျံ့နိုင်တဲ့ ပိုးတွေရဲ့မျိုးရိုးဗီဇကို ရှာဖွေစမ်းသပ်ဖို့ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဒါဟာလည်း နိုင်ငံတော်က ထောက်ပံ့ခဲ့တဲ့အတွက်ကြောင့် ဖြစ်ပါတယ်။ ပထမအဆင့်အနေနဲ့ တုံ့ပြန်ပဋိပစ္စည်းတွေကို စစ်ဆေးပြီး မတွေ့ရှိရတဲ့ သွေးယူနစ်တွေကို အဲဒီ Nucleic Acid နည်းပညာနဲ့ ပြန်လည်စစ်ဆေးရပါတယ်။ ပထမအသုံးပြုစဉ်ကတော့ သွေးယူနစ် ခြောက်ခုပေါင်းပြီးမှ စစ်ဆေးရတဲ့ **"6 Mini Pool Method"** ကို အသုံးပြုခဲ့ပါတယ်။ ၂၀၁၉ ခုနှစ်မှာတော့ သွေးယူနစ် တစ်ခုချင်းကို စစ်ဆေးနိုင်တဲ့ Individual Nucleic Acid Testing ကို တိုးမြှင့်နိုင်ခဲ့ပါတယ်။ အဲဒီ Test ဟာ HIV ပိုးဝင်ပြီး လေးရက်က ၁၁ ရက်အတွင်း စမ်းသပ်အဖြေထွက်နိုင်ပါတယ်။ ဒါ့အပြင် Test ၉၃ ခု တစ်ပြိုင်တည်းစစ်မှ ကုန်ကျစရိတ်သက်သာတာဖြစ်တဲ့အတွက်ကြောင့် ဒီ Test တွေကို အသုံးပြုမှုအတွက်လည်း မလိုခင်က ကြိုတင်လှူဒါန်းထားတဲ့ စေတနာရှင်တွေရှိခဲ့ဖို့ အထူးလိုအပ်လာပါတယ်။

**သွေးလှူရှင်ရဲ့ တာဝန်ယူနိုင်မှုကို ထပ်မံညွှန်းပြ**

ဒီတော့ စေတနာသွေးလှူရှင်တွေရဲ့ အရေးကြီးတဲ့ ကဏ္ဍကိုပဲ ပြန်လည်ရောက်ရှိခဲ့ပါတယ်။ လုံလောက်တဲ့ အရေအတွက်မရရင် စစ်ဆေးဖို့ မဖြစ်နိုင်တော့ပါဘူး။ ကိုယ့်ကိုယ်ကိုယ် တာဝန်မယူနိုင်ရင် Window Period ခြောက်လရှိတဲ့ Test ကိုစစ်တဲ့ ကိန်းဂဏန်းနဲ့ Window Period လေးရက်သာရှိတဲ့ Test ကို စစ်ဆေးတဲ့အခါ တွေ့ရမယ့် ကိန်းဂဏန်းဟာ ပိုမိုများလာနိုင်ပါတယ်။ အဲဒီအချက်တွေဟာ သွေးလှူရှင်ရဲ့ တာဝန်ယူနိုင်မှုကို ထပ်မံ ညွှန်းပြနေပါတယ်။

ပြန်ကောက်ရရင်တော့ ၂၀၁၂ ခုနှစ်က တစ်လကို အရေအတွက် ၃၅၀၀ လိုအပ်တာ လူနာရှင် ၆၅ ရာခိုင်နှုန်း ရှာရတယ်။ စစ်ဆေးတဲ့ Test က Window Period ခြောက်လရှိတယ်။ ၁၀၀ မှာ တစ်ယောက်တွေ့တယ်။ ၂၀၁၆ ခုနှစ်မှာ တစ်လကို ၆၅၀၀ လောက် လိုအပ်တယ်။ လူနာ တစ်ရာခိုင်နှုန်းလောက်ပဲ ရှာရတယ်။ ဒါဟာ နှလုံးခွဲစိတ်ဖို့အတွက်ပဲ ရှာရတာဖြစ်ပါတယ်။ Window Period လေးရက်ကနေ ၁၁ ရက်ရှိတဲ့ Test နဲ့စစ်တယ်။ ပိုးတွေ့ရှိမှု ၁၀၀၀ မှာ တစ်ယောက်ခန့် တွေ့ရှိခဲ့ရတယ်။

၂၀၂၀ ပြည့်နှစ် ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း ဒီဇင်ဘာလမှာဆိုရင် စုစုပေါင်း ၄၂၂၀ လှူဒါန်းတယ်။ အားလုံး ၁၀၀ ရာခိုင်နှုန်းဟာ မလိုအပ်ခင်က လှူဒါန်းတဲ့ စေတနာရှင်တွေဖြစ်တယ်။ လှူဒါန်းမှုအားလုံးတွင် HIV ပိုး လုံးဝမတွေ့ရတော့ဘဲ သုည ရာခိုင်နှုန်း ဖြစ်သွားပါတယ်။ ၂၀၀၂ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း လုံးဝမကြုံဖူးတဲ့ ပြည်သူများရဲ့ ထူးခြားတဲ့စွမ်းဆောင်မှုပဲဖြစ်ပါတယ်။

**အမှန်တကယ်ဂုဏ်ယူမိပါတယ်. . .**

၂၀၂၀ ပြည့်နှစ်ဟာ ကိုဗစ်-၁၉ ကပ်ရောဂါ ကျရောက်နေချိန်ဖြစ်ပါတယ်။ လူတိုင်းအတွက် သေစေနိုင်တဲ့ ပိုးမွှားက ခြောက်လှန့်နေခဲ့တယ်။ အိမ်အတွင်းမှ မထွက်ခြင်းသည်သာ အန္တရာယ်အကင်းဆုံးဖြစ်တဲ့ အချိန်ဖြစ်တယ်။ အဲဒီနှစ်ကို ပြန်လည်သုံးသပ်ကြည့်တဲ့အခါ အံ့ဩဖွယ်ကောင်းတဲ့အချက်တွေကို တွေ့လိုက်ရပါတယ်။ ဒါကတော့ လူငယ်လေးတွေရဲ့ ထောက်ပံ့မှုပါပဲ။ ဆရာဦးကြည်ဝင်း အားပေးလိုတဲ့ လူငယ်လေးတွေဟာ အခုဆိုရင် ဘယ်လောက်တာဝန်ယူပေးခဲ့သလဲဆိုတာကို သွေးလှူရှင်ကြီးတွေ ဝမ်းမြောက်ကြရပါလိမ့်မယ်။

သွေးလှူတယ်ဆိုတာ စတင်လှူပြီးရင်. . .လိုအပ်တယ်လို့အသံကြားရင် မလှူရမနေနိုင်အောင် ခံစားရတာကို လှူဒါန်းဖူးသူတွေသိပါတယ်။ ဒါပေမဲ့ စတင်လှူဒါန်းဖို့ဆိုတာတော့ အတော်ပဲကြိုးပမ်းရပါတယ်။ အခုလို ကပ်ရောဂါအတွင်းမှာ ပိုပြီးခက်ခဲပါတယ်။ ဒါကို လူငယ်လေးတွေက ပြတ်ပြတ်သားသား စွမ်းဆောင်ပေးသွားကြပါတယ်။

၂၀၂၀ ပြည့်နှစ်မှာ လှူဒါန်းမှုများအနက် ၃၅၆၈၃ ယူနစ်ကို အသက် ၁၈ နှစ်မှ ၂၉ နှစ်အတွင်း လူငယ်လေးတွေ ထောက်ပံ့သွားပါတယ်။ ဒါဟာ စုစုပေါင်းလှူဒါန်းမှုရဲ့ ၅၅ ရာခိုင်နှုန်း ဖြစ်ပါတယ်။ ၃၉ နှစ်အထိ တွက်လိုက်ရင်တော့ ၈၀ ရာခိုင်နှုန်း (၅၂၂၀၃ ဦး) ဖြစ်လာပါတယ်။ ၂၉ နှစ်အောက် လူငယ်လေးတွေဆိုရင် ၅၅ ရာခိုင်နှုန်း၊ ၃၉ နှစ်အောက် လူငယ်တွေဆိုရင် ၈၀ ရာခိုင်နှုန်း။ အဲဒီလို ထောက်ပံ့မှုမျိုးကို တစ်ကြိမ်တစ်ခါမှ မမျှော်လင့်ရဲခဲ့တဲ့အတွက် လွန်စွာအားရကျေနပ်မိပါတယ်။ သွေးလှူရှင်ကြီးတွေလည်း အားရကျေနပ်လိမ့်မယ်လို့ ယုံကြည်ပါတယ်။

အသက်ကြီးသူတွေအနေနဲ့ မိမိတို့ရဲ့ မျိုးဆက်သစ်လူငယ်လေးတွေကို တစ်ကြိမ်တစ်ခါ (သို့) ကြိမ်ဖန်များစွာ အပြစ်တင်မိပါလိမ့်မယ်။ Game တွေပဲဆော့နေပြီး ပတ်ဝန်းကျင်ကို ဂရုမစိုက်ဘဲ အချိန်ဖြုန်းနေတယ်လို့၊ အဲဒီကလေးတွေရဲ့ အခန်းအောင်းနေရင်းနဲ့ သူတို့လိုကံမကောင်းလို့ ကျန်းမာရေးထောက်ပံ့မှုလိုနေသူတွေ၊ သွေးရမှ အသက်ရှင်မယ့်သူတွေအတွက် စဉ်းစားမိလိမ့်မယ်လို့ ထင်မိကြမှာ မဟုတ်ပါဘူး။

လူငယ်လေးတွေကို အသက်ကြီးသူတွေရဲ့ အမြင်နဲ့ကြည့်ရင် အဆင်မပြေဘူးလို့ထင်ရပေမယ့် အခုတော့ . . . ဒီလူငယ်လေးတွေက ပြောင်မြောက်စွာပဲ သူတို့ရဲ့စွမ်းဆောင်မှုတွေကို ပြသသွားပါတယ်။

ဒီလူငယ်လေးတွေမှာ အရေးပါတဲ့ရာထူး၊ အရှိန်အဝါတွေလည်း မရှိကြပါဘူး။ သူတို့ဘဝအတွက် ခိုင်မာစွာ ထောက်ပံ့နိုင်တဲ့ ငွေကြေးလုံလောက်မှုလည်း မရှိကြပါဘူး။

ဒါပေမဲ့ ကျန်းမာရေးဝန်ထမ်းတွေ ဒီကပ်ရောဂါကြီးကို တိုက်နေတဲ့အချိန်မှာ ရဲရဲဝံ့ဝံ့ လာရောက်ကူညီပေးသွားကြပါတယ်။

**သွေးလှူရှင်အဖြစ်စတင်ခဲ့တဲ့ လူငယ်လေးတွေ**

သေးသွယ်တဲ့ လက်မောင်းငယ်လေးတွေနဲ့ စက်ရုံကဝန်ထမ်း အမျိုးသမီးငယ်လေးတွေ (ပေါင် ၁၀၀ ကျော်မှ သွေးလှူဒါန်းနိုင်ပါမယ်)၊ Bicycle လေးနဲ့ ဦးထုပ်ဆောင်းထားတဲ့ Food Delivery လူငယ်လေးတွေ (သွေးလှူဒါန်းပြီးရင်တော့ Bicycle စီးပြီးပြန်ခွင့်မရှိပါဘူး)၊ မိခင်က ကျန်းမာရေးမကောင်းလို့ မလှူနိုင်တဲ့အတွက် မိခင်ရဲ့မွေးနေ့အထိမ်းအမှတ်အဖြစ် လှူပေးတဲ့ လူငယ်လေးတွေ၊ ရက် (၁၂၀) ပြည့်အတိအကျကို ရုံးပိတ်ရက်မဟုတ်လို့ အလုပ်ဖွင့်ရက်ဆိုလည်း ရောက်လာတတ်တဲ့ လူငယ်လေးတွေ၊ ကိုဗစ်-၁၉ ကပ်ရောဂါအတွင်းမှာ အလုပ်တွေမရှိတော့လို့ သူများအတွက် ကူညီလိုက်တာပဲကောင်းပါတယ်ဆိုပြီး လာလှူလိုက်ပြီးမှ အင်အားတွေပြန်ပြည့်သွားပါတယ်ဆိုတဲ့ လူငယ်လေးတွေ၊ ယခင်ကတော့ တာဝန်ရှိလူကြီးတွေရဲ့ ဦးဆောင်မှုကြောင့် လာရောက်လှူဒါန်းရပေမယ့် အခုအချိန်မှာတော့ သွေးလှူဒါန်းမှုကို ကိုယ်တိုင်တက်ကြွစွာဖြင့် လာရောက်လှူဒါန်းပေးသော လူငယ်ဝန်ထမ်းလေးတွေ အဲဒီလူငယ်လေးတွေထဲမှာမှ ၄၇၉၀ သော လူငယ်လေးတွေဟာ ၁၈ နှစ်ပြည့်လို့ သူတို့ရဲ့ကြောက်ရွံ့မှုတွေ၊ သူတို့ကို ထိခိုက်မှာတွေကို ကျော်လွှားပြီး သွေးလှူရှင်အဖြစ်စတင်ခဲ့တဲ့ လူငယ်လေးတွေပဲ ဖြစ်ပါတယ်။

လှူဒါန်းခွင့်ရတဲ့လူငယ်လေးတွေနဲ့ သက်တူရွယ်တူလေးတွေထဲမှာ ငါးရာခိုင်နှုန်းကတော့ သူတို့ရဲ့ ကိုယ်အလေးချိန်နဲ့ သွေးနီအားအခြေအနေကြောင့် လာရောက်လှူဒါန်းပေမယ့် လှူဒါန်းခွင့်မရခဲ့ကြဘူး။

ဆေးတက္ကသိုလ် (၁) ကျောင်းသားသမဂ္ဂအဖွဲ့က ဦးဆောင်ပေးတဲ့ ၂၂ နှစ်အောက်လူငယ်လေးတွေနဲ့ စုပေါင်းထားတဲ့ **"Red Rose Campaign "** ရဲ့ သွေးလှူရှင်ပညာပေးစည်းရုံးပေးတဲ့ အကြံဉာဏ်ဟာလည်း တကယ့်ကို ဆန်းသစ်လို့ သူတို့လေးတွေလုပ်ဆောင်ချင်တဲ့ Educational material တွေကို ဆက်လက်စောင့်ဆိုင်းနေပါတယ်။

၂၀၂၀ ပြည့်နှစ်ဟာ လူသားတွေအတွက် စိုးရိမ်ပူပန်မှု ဆုံးရှုံးမှုတွေနဲ့ပြည့်နေတဲ့ ဘဝရဲ့မှောင်မိုက်တဲ့အချိန်လို့ ယူဆနိုင်ပါတယ်။ တကယ်တမ်းမှာတော့ . . . မှောင်မိုက်တဲ့အချိန်မှာပဲ သေးငယ်တဲ့လင်းလက်မှုလေးတွေက လောကကို အလှဆင်ခွင့်ရမှာဖြစ်ပါတယ်။

ဒီလို . . . သနားကရုဏာထားတတ်ပြီး ဒီကရုဏာအပေါ်အခြေခံကာ ထောက်ပံ့ကြတဲ့ လူငယ်လေးတွေနဲ့သာ တည်ဆောက်မယ်ဆိုရင်တော့ တိုင်းပြည်ရဲ့ အနာဂတ်ဟာ ပြီးပြည့်စုံမယ်လို့ ခံယူမိပါတယ်။

အကြိမ်ကြီးသွေးလှူရှင်ကြီးများ စိတ်မပူပန်ရအောင် သွေးလှူရှင်ကြီးများ လျှောက်ခဲ့တဲ့လမ်းကို လူငယ်လေးတွေ ဆက်လက်လျှောက်လှမ်းနေပါပြီ။

**Thank you all and happy new year ahead of you!**

# နိုင်ငံတစ်ဝန်းအသွားအလာကန့်သတ်မှုက စီးပွားရေးထိခိုက်သောကြောင့် နောက်တစ်ကြိမ် ချမှတ်မည်မဟုတ်ကြောင်း မလေးရှားဘဏ္ဍာရေးဝန်ကြီး ပြောကြား



**ကွာလာလမ်ပူ ဇန်နဝါရီ ၂၉**
မလေးရှားနိုင်ငံအနေဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အသွားအလာကန့်သတ်မှုသည် နိုင်ငံ့စီးပွားရေးကို များစွာထိခိုက်စေသဖြင့် နောက်တစ်ကြိမ် ထပ်မံချမှတ်ရန် မဖြစ်နိုင်တော့ကြောင်း မလေးရှားဘဏ္ဍာရေးဝန်ကြီး အဗ္ဗဒူအဇစ်က ယနေ့ စီအင်န်အေရုပ်သံနှင့် တွေ့ဆုံမေးမြန်းခန်းတွင် ပြောသည်။

လက်ရှိဆောင်ရွက်လျက်ရှိသည့် နိုင်ငံတစ်ဝန်းထိန်းချုပ်ရေးအမိန့် ( MCO)သည်ပင် မလေးရှား၏ ၂၀၂၁ ခုနှစ် ရည်မှန်းချက်ဖြစ်သည့် စီးပွားရေးတိုးတက်မှုနှုန်း ၆ ဒသမ ၅မှ ၇ ဒသမ ၅ ရာခိုင်နှုန်းရရှိရေးကို ထိခိုက်မှုရှိမည်ဖြစ်ကြောင်း ဝန်ကြီးက သုံးသပ်ပြောကြားခဲ့သည်။ "ဒီတိုးတက်မှုနှုန်းကို စဉ်းစားရာမှာ MCO ကိစ္စရပ်ကို ထည့်သွင်းခဲ့ခြင်း မရှိခဲ့ပါဘူး" ဟု ဝန်ကြီးက ဆက်လက်ပြောသည်။

အစိုးရအနေဖြင့် တစ်နိုင်ငံလုံးကို အသွားအလာကန့်သတ်သည်ထက် ဆေးဝါးထုတ်လုပ်ရေး၊ လေကြောင်းနှင့် ကားထုတ်လုပ်ရေးကဲ့သို့သော လုပ်ငန်းများကို ပုံမှန်အတိုင်းပြန်လည်ဖွင့်လှစ်ရန် လိုအပ်သလို လုပ်သားအများအပြားအသုံးပြုရသည့် လုပ်ငန်းများကို လူဦးရေအကန့်အသတ်ဖြင့် ပြန်လည်ဖွင့်လှစ်မှသာလျှင် စီးပွားရေးတိုးတက်မှုရရှိမည်ဖြစ်ကြောင်း ဝန်ကြီးက မှတ်ချက်ပြုသည်။ မလေးရှားနိုင်ငံသည် လက်ရှိတွင် နိုင်ငံတစ်ဝန်းလုပ်သားအင်အား ထက်ဝက်ခန့်သာ လုပ်ငန်းခွင်များတွင် ဝင်ရောက်လုပ်ကိုင်လျက်ရှိသော်လည်း စီးပွားရေးလုပ်ငန်းများ၏ ၉၀ရာခိုင်နှုန်းကျော်မှာ လည်ပတ်နိုင်ဆဲဖြစ်ကြောင်း သိရသည်။

မလေးရှားနိုင်ငံအနေဖြင့် နိုင်ငံစီးပွားရေးပြန်လည်ဦးမော့လာရေးအတွက် ထောက်ပံ့ရေးအစီအစဉ်အချို့ကို ဆောင်ရွက်လျက်ရှိပြီး လာမည့်ဧပြီနှင့် မေလအရောက်တွင် စီးပွားရေးတိုးတက်မှုနှုန်း မြန်မြန်ဆန်ဆန်ရရှိစေရေးအတွက် အစိုးရဘက်မှ ယခုထက် ထောက်ပံ့မှုအရှိန်အဟုန်ကို မြှင့်တင်ရန် လိုအပ်မည်ဖြစ်ကြောင်း ဝန်ကြီးက ပြောကြားခဲ့သည်။

**ကိုးကား- စီအင်န်အေ**
**ဘာသာပြန်- မေလှဲ့သင်း**

# နိုင်ငံရေးအင်အားစုများ ဖေ့စ်ဘွတ်ပေါ်တွင် မှတ်ချက်ရေးသားခြင်းကို အမြဲတမ်းပိတ်ပစ်ရေး ဆောင်ရွက်မည်

**ဆန်ဖရန်စစ္စကို ဇန်နဝါရီ ၂၉**
ဖေ့စ်ဘွတ်လူမှုကွန်ရက်ကို ဗဟိုထားပြီး နိုင်ငံရေးအင်အားစုများက လူမှုကွန်ရက်ပေါ်ရှိ ပို့စ်များအောက်တွင် မှတ်ချက်ရေးသားခြင်းကို အမြဲတမ်းပိတ်သိမ်းပစ်ရေး ဆောင်ရွက်မည်ဖြစ်ကြောင်း ဖေ့စ်ဘွတ်ကုမ္ပဏီအမှုဆောင်ချုပ်မာ့ခ်ဇူကာဘတ်က ယမန်နေ့တွင် ပြောကြားသည်။

ပြီးခဲ့သည့်အောက်တိုဘာလအတွင်း အမေရိကန်ရွေးကောက်ပွဲမတိုင်မီကာလက နိုင်ငံရေးအင်အားစုများ ဖေ့စ်ဘွတ်၏ ပို့စ်များအောက်တွင် မှတ်ချက်ရေးသားခြင်းကို ယာယီရပ်ဆိုင်းခဲ့ဖူးပြီး ယခုအခါ တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် အမြဲတမ်း ရပ်ဆိုင်းခြင်းမျိုး ဆောင်ရွက်သွားရန် ဖေ့စ်ဘွတ်ဘက်မှ စီစဉ်လာခြင်းဖြစ်သည်။ လူမှုကွန်ရက်များသည် နိုင်ငံရေးအုပ်စုများ၏ ဝါဒဖြန့်ချိရာ ပစ်မှတ်ဖြစ်နေသည့် အခြေအနေကို ရှောင်လွှဲနိုင်ရေးအတွက် နိုင်ငံရေးပါတီများနှင့် နိုင်ငံရေးအင်အားစုများက ပို့စ်များအောက်တွင် မှတ်ချက်ရေးသားခြင်းကို ရပ်ဆိုင်းပစ်ရန် အစီအစဉ်ချထားပြီးဖြစ်ကြောင်း ဇူကာဘတ်က ဆိုသည်။

ဖေ့စ်ဘွတ်ပေါ်တွင် တွေ့ရသည့်သတင်းအချို့မှာ ရည်ရွယ်ချက်ရှိရှိဖြင့် ဖန်တီးထားသည့် သတင်းအမှားများဖြစ်ပြီး ဖေ့စ်ဘွတ်အနေဖြင့် ယင်းအခြေအနေကို တားဆီးရန်ပျက်ကွက်ခဲ့ကြောင်း ဇန်နဝါရီ ၂၆ရက်တွင် အမေရိကန်အထက်လွှတ်တော်အမတ် အက်ဒ်မာခီက ဝေဖန်ခဲ့သည်။ ၎င်းက "ဖေ့စ်ဘွတ်မှာ အမုန်းတရားများဖြစ်ပေါ်စေသည့် နေရာဖြစ်လာပြီဖြစ်ကြောင်းလည်း စွပ်စွဲပြောကြားခဲ့သည်။ နိုင်ငံတကာစောင့်ကြည့်ရေးအဖွဲ့များကလည်း ဖေ့စ်ဘွတ်သည် သတင်းအမှားများ အများဆုံး ပြန့်ပွားသည့်နေရာဖြစ်နေပြီး နိုင်ငံရေးရည်ရွယ်ချက်များဖြင့် ဝါဒဖြန့်ချိရေး၌ ဖေ့စ်ဘွတ်ကို လက်နက်သဖွယ် အသုံးပြုလာသည်ကို ကုမ္ပဏီဘက်မှ တားဆီးရန် လိုအပ်ကြောင်း ထောက်ပြခဲ့ကြသည်။ ယင်းနောက် ဇူကာဘတ်က နိုင်ငံရေးအင်အားစုများအားလုံး မှတ်ချက်ရေးသားခြင်းကို ထာဝရပိတ်ပစ်ခြင်းကို ဆောင်ရွက်မည်ဖြစ်ကြောင်း ဇူကာဘတ်က ပြောသည်။

**ကိုးကား- အမ်အက်စ်အမ်၊ ဘာသာပြန်- မေလှဲ့သင်း**

# တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ် ဖေဖော်ဝါရီလတွင် စတင်မည်




**ဆိုးလ် ဇန်နဝါရီ ၂၉**
တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ဖေဖော်ဝါရီလအတွင်း စတင်မည်ဖြစ်ကြောင်း ကိုရီးယားရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးအေဂျင်စီ ဒါရိုက်တာ ဂျင်အန်ကျောင်က ယမန်နေ့တွင် ပြောကြားခဲ့သည်။

ဖေဖော်ဝါရီလအတွင်း ကျန်းမာရေးဝန်ထမ်းများနှင့် သက်ကြီးရွယ်အိုများကို ကာကွယ်ဆေးဦးစားပေးထိုးနှံပေးမည်ဖြစ်ပြီး အများပြည်သူများအတွက် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို နိုဝင်ဘာလမတိုင်မီ စတင်မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ၁၀၆ သန်း ရရှိထားပြီးဖြစ်ပြီး အဆိုပါ အရေအတွက်သည် နိုင်ငံ့လူဦးရေ ၅၂ သန်းအတွက် လုံလောက်မှုရှိမည်ဖြစ်သည်။

တောင်ကိုရီးယားနိုင်ငံ အနေဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ကာကွယ်ဆေး ဖြန့်ချိရေးအစီအစဉ် COVAXတွင် ပါဝင်သည့်အပြင် ကာကွယ်ဆေးထုတ်လုပ်သည့် ကုမ္ပဏီများဖြစ်သည့် AstraZeneca၊ Pfizer၊ Johnson & Johnson's Janssen နှင့် Moderna တို့နှင့် ကာကွယ်ဆေးဝယ်ယူရန် သဘောတူညီမှုရရှိထားပြီး ဖြစ်သည်။

နိုင်ငံအတွင်း၌ ဗိုင်းရပ်စ်ပိုး ရှိ၊ မရှိ ဆေးစစ်မှုများ အရှိန်မြှင့်တင်ဆောင်ရွက်လျက် ရှိသည့်အပြင် ဗိုင်းရပ်စ် ကာကွယ်ရေးဆိုင်ရာ စည်းမျဉ်းများ တင်းကျပ်စွာ ချမှတ်ထားမှုကြောင့် ရောဂါကူးစက်မှု အခြေအနေကို ထိန်းချုပ်နိုင်ခဲ့သည်။ သို့သော် ယမန်နှစ်အတွင်း ရောဂါကူးစက်မှု တတိယလှိုင်းများ ပြန်လည်မြင့်တက်လာလျက်ရှိသည့်အတွက် ကျန်းမာရေးအာဏာပိုင်များ အကျပ်ရိုက်လျက်ရှိသည်။

လွန်ခဲ့သောနှစ်အတွင်း ရောဂါကူးစက်မှု၏ ၄၅ ဒသမ ၄ ရာခိုင်နှုန်းသည် အစုလိုက်အပြုံလိုက် ကူးစက်မှုများဖြစ်ကြောင်း ကိုရီးယားရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးအေဂျင်စီက ဆိုသည်။

ယင်းသို့ အစုလိုက်အပြုံလိုက် ရောဂါကူးစက်မှုများတွင် ဘာသာရေးဆိုင်ရာ အခမ်းအနားများမှ ကူးစက်မှု ပိုမိုများပြားကြောင်း တွေ့ရှိရသည်။

လက်ရှိအချိန်အထိ နိုင်ငံအတွင်း၌ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၇၆၉၂၆ ဦးရှိပြီး သေဆုံးသူ ၁၃၈၆ ဦးရှိကြောင်း သိရသည်။

**ကိုးကား- စီအင်န်အေ**
**ဘာသာပြန်- အောင်ကျော်ကျော်**

# ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ဆေးဘက်ပညာရှင်များနှင့် တရုတ်ဆေးဘက်ပညာရှင်တို့ မျက်နှာချင်းဆိုင်ဆွေးနွေးမှု စတင်

**ဝူဟန် ဇန်နဝါရီ ၂၉**
ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်အဖွဲ့တစ်ဖွဲ့သည် တရုတ်နိုင်ငံအလယ်ပိုင်း ဝူဟန်မြို့မှစတင်ဖြစ်ပွားခဲ့သည့် ကိုရိုနာဗိုင်းရပ်စ်ဇာစ်မြစ်ကို စုံစမ်းစစ်ဆေးရန် တရုတ်ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များနှင့် မျက်နှာချင်းဆိုင်ဆွေးနွေးမှု ယနေ့စတင်ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဆေးဘက်ဆိုင်ရာကျွမ်းကျင်ပညာရှင် ၁၀ ဦးပါဝင်သော ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ဆေးသိပ္ပံပညာရှင်အုပ်စုသည် ဝူဟန်မြို့ရှိ ပင်လယ်အစားအစာ ရောင်းဝယ်သည့်ဈေးသို့ သွားရောက်လည်ပတ်ရန် စီစဉ်ထားသည့်အပြင် ဝူဟန်မြို့ရှိ သုတေသနဓာတ်ခွဲခန်းတစ်ခုသို့ သွားရောက်စစ်ဆေးရန်လည်း ရည်ရွယ်ထားကြောင်း သိရသည်။ အဆိုပါ ဓာတ်ခွဲခန်းသည် ကိုဗစ်-၁၉ ရောဂါ စတင်ခဲ့သည့် မူလနေရာဖြစ်သည်ဟု စွပ်စွဲမှုများ မြင့်တက်ခဲ့သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အဓိကရည်ရွယ်ချက်မှာ ကိုဗစ်-၁၉ ရောဂါစတင်ဖြစ်ပွားခဲ့ပြီးနောက် တစ်နှစ်ကျော်အတွင်း တရုတ်နိုင်ငံအနေဖြင့် သတင်းအချက်အလက်မည်မျှအထိ ဖွင့်ဟဖော်ထုတ်သလဲဆိုသည်ကို သိရှိရန်ဖြစ်သည်။ တရုတ်အစိုးရသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုထိန်းချုပ်ရန် ဝူဟန်မြို့ရှိ လင်းနို့နှင့် မြွေကဲ့သို့သော တောရိုင်းတိရစ္ဆာန်များရောင်းဝယ်စားသုံးသည့် ပင်လယ်အစားအစာဈေးကွက်ကို ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလကတည်းက ပိတ်ထားကြောင်း သိရသည်။

ဂျပန်နိုင်ငံ၏ ကူးစက်ရောဂါဆိုင်ရာအမျိုးသားတက္ကသိုလ်မှ တိရစ္ဆာန်အဏုဇီဝပညာရှင်တစ်ဦး ကင်မေးဒါပါဝင်သည့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ဆေးဘက်ကျွမ်းကျင်ပညာရှင်များသည် ဝူဟန်မြို့တွင် ဖေဖော်ဝါရီလအစောပိုင်းအထိ နေထိုင်ဖွယ်ရှိကြောင်း သိရသည်။

**ကိုးကား – ကျိုဒိုနယူးစ်**
**ဘာသာပြန် – ဂျေတီ**

# ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကြောင့် ကမ္ဘာ့ခရီးသွားလုပ်ငန်း ဆိုးရွားစွာ ထိခိုက်

**ကုလသမဂ္ဂ ဇန်နဝါရီ ၂၉**
ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်ရန် ချမှတ်ထားသည့် ဗိုင်းရပ်စ်ကာကွယ်ရေး စည်းမျဉ်းများကြောင့် ၂၀၂၀ ပြည့်နှစ်အတွင်း ကမ္ဘာ့ခရီးသွားလုပ်ငန်း ဆိုးရွားစွာ ထိခိုက်မှုများရှိခဲ့ကြောင်း ကုလသမဂ္ဂကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့က ယနေ့ ပြောကြားခဲ့သည်။

၂၀၂၀ ပြည့်နှစ်အတွင်း နိုင်ငံတကာခရီးသွားများ လာရောက်မှုသည် ၂၀၁၉ ခုနှစ်ကထက် တစ် ဘီလီယံလျော့ကျသွားခဲ့ပြီး ပို့ကုန်ဝင်ငွေရရှိမှုတွင်လည်း ခန့်မှန်းခြေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၃ ထရီလီယံဆုံးရှုံးခဲ့ရကြောင်း ၎င်းအဖွဲ့က ပြောသည်။



အဆိုပါပမာဏသည် ကမ္ဘာ့စီးပွားရေးပျက်ကပ်ဖြစ်ပွားခဲ့သည့် ၂၀၀၉ ခုနှစ်အတွင်း ပို့ကုန်ဝင်ငွေဆုံးရှုံးခဲ့သည့်ပမာဏထက် ၁၁ ဆကျော် ပိုမိုသာလွန်လျက်ရှိသည်ကို တွေ့ရှိရသည်။

အာရှနိုင်ငံများနှင့် ပစိဖိတ်နိုင်ငံများတွင် နိုင်ငံတကာခရီးသွားများ လာရောက်မှု ၈၄ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး အာဖရိကနိုင်ငံများနှင့် အရှေ့အလယ်ပိုင်းနိုင်ငံများတွင် နိုင်ငံတကာခရီးသွားများ လာရောက်မှု ၇၅ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။

အလားတူ ဥရောပနိုင်ငံများတွင် နိုင်ငံတကာခရီးသွားများလာရောက်မှု ၇၀ ရာခိုင်နှုန်းနှင့် အမေရိကတိုက်ရှိ နိုင်ငံများတွင်လည်း ၆၉ ရာခိုင်နှုန်း ကျဆင်းသွားခဲ့သည်။

ထို့ပြင် ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်သည့် အလုပ်အကိုင်ဆုံးရှုံးမှုပမာဏ သန်း ၁၀၀ မှ သန်း ၁၂၀ အတွင်းရှိကြောင်း၊ ကမ္ဘာ့ခရီးသွားလုပ်ငန်း ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိရန် နှစ်နှစ်ခွဲမှ လေးနှစ်အထိ ကြာမြင့်နိုင်ဖွယ်ရှိကြောင်း ကုလသမဂ္ဂကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့က ခန့်မှန်းပြောကြားခဲ့သည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- အောင်ကျော်ကျော်**



## ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ် ပထမအကြိမ် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူ

**နယူးယောက် ဇန်နဝါရီ ၂၉**

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်သည် ယမန်နေ့က ပထမအကြိမ် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှု ခံယူခဲ့သည်။ "ဒီနေ့ ကျွန်တော် ပထမအကြိမ် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှု ခံယူရတဲ့အတွက် ကျေးဇူးတင်ပါတယ်" ဟု ဂူတာရက်စ်က တွစ်တာလူမှုကွန်ရက်၌ ရေးသားခဲ့သည်။

လူတိုင်း ကာကွယ်ဆေးရရှိရေး အတူလက်တွဲ ဆောင်ရွက်ရမည်ဖြစ်ပြီး ကပ်ရောဂါဖြစ်ပွားနေသရွေ့ မည်သူမျှ ဘေးအန္တရာယ်ကင်းမည်မဟုတ်ဟု ၎င်းက ဆိုသည်။ ဂူတာရက်စ်က ကာကွယ်ဆေးထိုးနှံရေး အသုံးပြုသည့် အထက်တန်းကျောင်းတစ်ကျောင်းရှိ ၎င်းနှင့် သက်တူအုပ်စုနှင့်အတူ ကာကွယ်ဆေးထိုးနှံမှု ခံယူခဲ့ခြင်းဖြစ်သည်။ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလတွင် ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါ စတင်ဖြစ်ပွားချိန်မှစ၍ လက်ရှိကာလအထိ ကမ္ဘာ့နိုင်ငံပေါင်း ၁၉၂ နိုင်ငံတွင် လူပေါင်း ၂ ဒသမ ၁၈ သန်း သေဆုံးခဲ့ပြီးဖြစ်သည်။

ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၀၁ ဒသမ ၄ သန်းကျော်နှင့် ပိုးကင်းစင်သူ ၅၆ သန်းကျော်ရှိကြောင်း အမေရိကန်နိုင်ငံအခြေစိုက် ဂျွန်ဟော့ကင်းစ်တက္ကသိုလ်၏ အချက်အလက်များအရ သိရသည်။

**ကိုးကား - အနာဒိုလူ**
**ဘာသာပြန် - ကျော်ထိုက်စိုး**

## နိုင်ငံ သုံးနိုင်ငံမှ ခရီးသည်များကို နိုင်ငံတွင်းဝင်ရောက်ခွင့် ဗြိတိန်ပိတ်ပင်

**လန်ဒန် ဇန်နဝါရီ ၂၉**

ဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုကို တားဆီးနိုင်ရန်အတွက် အာရပ်စော်ဘွားများပြည်ထောင်စု၊ ဘူရွန်ဒီနှင့် ရဝမ်ဒါနိုင်ငံတို့မှ ခရီးသည်များကို ဗြိတိန်နိုင်ငံသို့ ဝင်ရောက်ခွင့် ပိတ်ပင်ခဲ့ကြောင်း ဗြိတိန်အစိုးရက ယမန်နေ့က ကြေညာသည်။ အဆိုပါနိုင်ငံများအား ဗြိတိန်နိုင်ငံ၏ ခရီးသွားလာမှုကန့်သတ်ချက်အရ အနီရောင်အဆင့် သတ်မှတ်ခဲ့ကြောင်း ဗြိတိန်ပို့ဆောင်ရေးဝန်ကြီး ဂရန့်ရှက်ပ်က ပြောကြားသည်။

ယင်းကန့်သတ်ချက်အရ ယနေ့ ဗြိတိန် စံတော်ချိန် မွန်းလွဲ ၁ နာရီမှစတင်ပြီး အဆိုပါနိုင်ငံများတွင် လွန်ခဲ့သည့် ၁၀ ရက်အတွင်း ခရီးတစ်ထောက်နားသော(သို့မဟုတ်) အဆိုပါနိုင်ငံများတွင် ရောက်ရှိနေသော အခြားနိုင်ငံမှ ခရီးသည်များကို နိုင်ငံအတွင်းသို့ ဝင်ရောက်ခွင့်ပြုမည်မဟုတ်ကြောင်း ဗြိတိန်အစိုးရက ပြောကြားသည်။ သို့သော် အဆိုပါနိုင်ငံများမှ ပြန်လာမည့် ဗြိတိန်နှင့် အိုင်ယာလန်နိုင်ငံသားများကိုမူ ဗြိတိန်နိုင်ငံအတွင်းသို့ ဝင်ရောက်ခွင့်ပြုမည်ဖြစ်ပြီး နိုင်ငံတွင်းရောက်ရှိသည့်အခါသီးခြားစောင့်ကြည့်ခြင်းကို ၁၀ ရက် ခံယူရမည်ဖြစ်သည်။ နိုင်ငံသားများအနေဖြင့် နိုင်ငံအတွင်းရောက်ရှိလာသည့်အခါ ကိုဗစ်-၁၉ ရောဂါကင်းရှင်းကြောင်း ဆေးလက်မှတ်ကို တင်ပြရမည်ဖြစ်သည်။ ၎င်းအထောက်အထားတင်ပြရန် ပျက်ကွက်ပါက ဒဏ်ကြေးငွေအဖြစ် ဗြိတိန် စတာလင်ပေါင် ၅၀၀ ကို ပေးဆောင်ရမည်ဖြစ်သည်။

ဗြိတိန်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၈၆၈၀ ထပ်မံတွေ့ရှိခဲ့သဖြင့် စုစုပေါင်း ရောဂါကူးစက်ခံရသူ ၃၇၄၃၇၃၄ ဦးရှိလာကြောင်း အစိုးရ၏ မှတ်တမ်းများအရ သိရသည်။ မကြာမီအချိန်အတွင်းက တောင်အာဖရိက၊ ပေါ်တူဂီနှင့် တောင်အမေရိကတိုက်ရှိ နိုင်ငံများတွင် ဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုများရှိခဲ့သဖြင့် အဆိုပါနိုင်ငံများမှ ခရီးသည်များအား ဗြိတိန်သို့ ဝင်ရောက်ခွင့်ပိတ်ပင်ခဲ့သည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - စိုးသူရ**




## ဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ်အမျိုးအစား သုံးမျိုးအပေါ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ သတိပေးချက်ထုတ်ပြန်

**လန်ဒန် ဇန်နဝါရီ ၂၉**

ကမ္ဘာ့နိုင်ငံအများအပြားတွင် ကူးစက်ပျံ့နှံ့လျက်ရှိသည့် ဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ်အမျိုးအစား သုံးမျိုးအပေါ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတိပေးချက်တစ်ရပ် ယမန်နေ့တွင် ထုတ်ပြန်ခဲ့သည်။

ဗြိတိန်နိုင်ငံတွင် တွေ့ရှိခဲ့သည့် ဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ်သည် နိုင်ငံပေါင်း ၆၉ နိုင်ငံသို့ ကူးစက်ပျံ့နှံ့လျက်ရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတိပေးပြောကြားခဲ့သည်။

အဆိုပါ ဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ်သည် အရှေ့အလယ်ပိုင်း၊ အာရှ၊ အမေရိကတိုက်ရှိ နိုင်ငံများနှင့် ဥရောပတစ်ဝန်းသို့ ကူးစက်ပျံ့နှံ့လျက်ရှိကြောင်း အဆိုပါထုတ်ပြန်ချက်တွင် ပါရှိသည်။

အလားတူ တောင်အာဖရိကတွင် တွေ့ရှိခဲ့သည့် ဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ်သည် နိုင်ငံပေါင်း ၂၅ နိုင်ငံသို့ ကူးစက်ပျံ့နှံ့လျက်ရှိပြီး အဆိုပါနိုင်ငံများတွင် ကနေဒါ၊ ပြင်သစ်၊ ဗြိတိန်၊ ဩစတြေးလျ၊ တရုတ်နှင့် ဂျပန်နိုင်ငံတို့လည်း ပါဝင်ကြောင်း သိရသည်။

ဘရာဇီးနိုင်ငံတွင် တွေ့ရှိခဲ့သည့် ဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ်သည် အီတလီ၊ ဗြိတိန်၊ အမေရိကန်နိုင်ငံတို့ အပါအဝင် နိုင်ငံပေါင်း ရှစ်နိုင်ငံသို့ ကူးစက်ပျံ့နှံ့လျက်ရှိကြောင်း အဆိုပါ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အဆိုပါ ဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ်သုံးမျိုးအပေါ် ကာကွယ်ဆေးများ ထိရောက်မှု ရှိ၊ မရှိနှင့် ပတ်သက်ပြီး သုတေသနလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ကိုဗစ်-၁၉ ရောဂါအပြင် ဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်မှုများ မြင့်မားလာသည့်အတွက် ကမ္ဘာ့ပြည်သူများအနေဖြင့် ဗိုင်းရပ်စ်ကာကွယ်ရေးဆိုင်ရာ စည်းမျဉ်းများကို ဆက်လက်လိုက်နာကြရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က တိုက်တွန်းပြောကြားခဲ့သည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**

## Novavax ကိုဗစ်-၁၉ ကာကွယ်ဆေး ၉၀ ရာခိုင်နှုန်းနီးပါး ထိရောက်မှုရှိ

**လန်ဒန် ဇန်နဝါရီ ၂၉**

ဗြိတိန်တွင် ပြုလုပ်ခဲ့သည့် နောက်ဆုံးအဆင့် စမ်းသပ်မှုရလဒ်များအရ Novavax ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးသည် ထိရောက်မှု ၈၉ ဒသမ ၃ ရာခိုင်နှုန်းရှိသည့်အပြင် ဗြိတိန်ဗီဇပြောင်းဗိုင်းရပ်စ်နှင့် တောင်အာဖရိက ဗီဇပြောင်းဗိုင်းရပ်စ် နှစ်မျိုးကိုလည်း ထိရောက်စွာ ကာကွယ်နိုင်စွမ်းရှိကြောင်း Novavax ၏ စမ်းသပ်မှုဆိုင်ရာ အကြီးအကဲ ပေါလ်ဟဲထ်က ယမန်နေ့တွင် အတည်ပြုသည်။

ဗြိတိန်ရှိ အသက် ၁၈နှစ်မှ ၈၄ နှစ်ကြားရှိ ပြည်သူ ၁၅၀၀၀ ကို စမ်းသပ်ခဲ့ရာတွင် Novavax ဆေးသည် ဗြိတိန်ဗီဇပြောင်း ဗိုင်းရပ်စ်ကို ၉၀ ရာခိုင်နှုန်းနီးပါး ကာကွယ်နိုင်ရုံမျှမက တောင်အာဖရိက ဗီဇပြောင်း ဗိုင်းရပ်စ်ကိုလည်း ၆၀ ရာခိုင်နှုန်းအထိ ကာကွယ်နိုင်သည်ကို တွေ့ရှိရခြင်းဖြစ်သည်။ သို့ရာတွင် ခုခံအားကျဆင်းမှု ကူးစက်ရောဂါ အခံမရှိသူများတွင်သာ ၆၀ ရာခိုင်နှုန်း ထိရောက်မှုရှိခြင်းဖြစ်သည်။ တောင်အာဖရိက ဗိုင်းရပ်စ်အား လက်ရှိ ထုတ်လုပ်ထားပြီးဖြစ်သည့် ကာကွယ်ဆေးအများစုဖြင့် ကာကွယ်နိုင်စွမ်း နည်းပါးသော်လည်း Novavax ဆေးက ၆၀ ရာခိုင်နှုန်းကာကွယ်နိုင်သည့်အချက်မှာ ဆေးလောကအတွက် သတင်းကောင်းပင်ဖြစ်သည်။ ဗြိတိန်ဆေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုထုတ်ကုန်များ စိစစ်ရေးအေဂျင်စီ ( MHRA)သည် Novavax ဆေးကို နွေဦးကာလတွင် အတည်ပြုမည်ဆိုပါက ဖြန့်ချိရေးလုပ်ငန်းစဉ်များကို ၂၀၂၁ ခုနှစ် နှစ်ဝက်တွင် စတင်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ဗြိတိန်အစိုးရက ကြေညာခဲ့သည်။ အဆိုပါ Novavax ဆေးသည် Astra Zeneca ဆေးကဲ့သို့ပင် ဗြိတိန်ထုတ် နောက်ထပ် ကာကွယ်ဆေးတစ်မျိုးဖြစ်သည်။

ဗြိတိန်သည် ကာကွယ်ဆေးထိုးနှံမှုလုပ်ငန်းစဉ်ကို Pfizer ကာကွယ်ဆေးဖြင့် အစောဆုံး စတင်နိုင်ခဲ့သည့် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး လက်ရှိတွင် Pfizer နှင့် AstraZeneca ကာကွယ်ဆေးများကို အသုံးပြုထိုးနှံပေးလျက်ရှိကာ ဗြိတိန်နိုင်ငံသား ၇ ဒသမ ၄ သန်းအား ပထမအကြိမ် ကာကွယ်ဆေးထိုးနှံပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။ MHRA သည် ဇန်နဝါရီလအစောပိုင်းတွင် Moderna ကာကွယ်ဆေးကိုလည်း ထပ်မံအတည်ပြုခဲ့ပြီးဖြစ်ပြီး ဆေးဝါးဖြန့်ချိရေးကို လာမည့်နွေဦးကာလတွင် ဆောင်ရွက်သွားမည်ဖြစ်သည်။

ဗြိတိန်အစိုးရသည် Novavax ကာကွယ်ဆေးသန်း ၆၀ ကြိုတင်မှာယူထားပြီး ယင်းဆေးမှာ သာမာန်ရေခဲသေတ္တာအအေးခတ်မှာပင် ထိန်းသိမ်းထားနိုင်ကြောင်း သိရသည်။

**ကိုးကား - ဘီဘီစီ**
**ဘာသာပြန် - မေလှဲ့သင်း**

## ဂျာမနီနိုင်ငံ၌ AstraZeneca ကာကွယ်ဆေးကို အသက် ၆၅ နှစ်အောက်အရွယ်များကိုသာ ထိုးနှံပေးမည်

**ဘာလင် ဇန်နဝါရီ ၂၉**

ဂျာမနီနိုင်ငံတွင် AstraZeneca ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုကို အသက် ၆၅ နှစ်အောက် အရွယ်များကိုသာ ထိုးနှံပေးရန် ကန့်သတ်ဆောင်ရွက်သင့်ကြောင်း ဂျာမနီကာကွယ်ဆေးကော်မတီက ယနေ့ ပြောကြားသည်။ အသက်အရွယ်ကြီးသူများအား AstraZeneca ကာကွယ်ဆေးထိုးနှံရာတွင် ရရှိသည့် ဆေးအာနိသင်ပိုင်းဆိုင်ရာ အချက်အလက်များကို လုံလောက်စွာမရရှိသဖြင့် ယခုလို အကြံပြုရခြင်းဖြစ်ကြောင်း ကော်မတီက ဆိုသည်။

AstraZeneca ဆေးကို ဥရောပတစ်ဝန်းအသုံးပြုရန်အတွက် ယနေ့ အတည်ပြုသွားမည်ဖြစ်သည်။

AstraZeneca ဆေးမှာ အသက်အရွယ်ကြီးသူများကို ထိုးနှံရာတွင် ကာကွယ်နိုင်စွမ်း ၈ ရာခိုင်နှုန်းလောက်သာ ရရှိသဖြင့် ဂျာမနီအစိုးရအနေဖြင့် AstraZeneca ကာကွယ်ဆေးအပေါ်



ယုံကြည်မှုနည်းပါးကြောင်း ဂျာမနီသတင်းဌာနများက ရေးသားခဲ့ပြီးနောက် ဂျာမနီကာကွယ်ဆေးကော်မတီကလည်း အသက် ၆၅ နှစ်အောက်ရှိသူများကိုသာ ထိုးနှံပေးရန် စီစဉ်လာခြင်းဖြစ်သည်။ သို့ရာတွင် AstraZeneca နှင့် Pfizer ဆေးနှစ်မျိုးစလုံးသည် မည်သည့်အသက်အရွယ် အပိုင်းအခြားအတွက်မဆို ဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံစိတ်ချမှု အပြည့်ရှိကြောင်း အင်္ဂလန် ပြည်သူ့ကျန်းမာရေးဌာန၊ ခုခံအားစနစ်ဌာန အကြီးအကဲ ဒေါက်တာမေရီရမ်ဆေးက အတည်ပြုခဲ့သည်။ East Anglia တက္ကသိုလ်၏ ပါမောက္ခ ပေါလ်ဟန်တာကလည်း အသက် ၆၅ နှစ်နှင့် အထက်ရှိသူများကို AstraZeneca ကာကွယ်ဆေးထိုးနှံပေးရာတွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုကို ကာကွယ်နိုင်သည့်အပြင် ရောဂါပြင်းထန်မှုများကိုပါ တားဆီးနိုင်မည်ဖြစ်သောကြောင့် ဆေးရုံတက်ရောက်ကုသရမည့်အခြေအနေကိုပါ လျှော့ချပေးနိုင်ကြောင်း ပြောကြားခဲ့သည်။

အီးယူအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည့် ဂျာမနီနိုင်ငံသည် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုလုပ်ငန်းစဉ်ကို ဒီဇင်ဘာ ၂၇ ရက်တွင် အခြားအီးယူအဖွဲ့ဝင်နိုင်ငံများနှင့်အတူ စတင်ခဲ့သည်။ အီးယူအနေဖြင့် Pfizer နှင့် Moderna ဆေးနှစ်မျိုးကို သုံးစွဲရန် အတည်ပြုထားပြီး ကာကွယ်ဆေးထိုးနှံရေးအစီအစဉ်တွင် အသုံးပြုလျက်ရှိသည်။ သို့ရာတွင် သယ်ယူပို့ဆောင်ရေးပိုင်းတွင် နှောင့်နှေးကြန့်ကြာမှုများဖြစ်ပေါ်ခဲ့သဖြင့် ဆေးရရှိမှုလျော့နည်းကာ အီးယူ ၂၇ နိုင်ငံစလုံး၏ လူဦးရေ ၅ ရာခိုင်နှုန်းအောက်သာ ကာကွယ်ဆေး ထိုးနှံပေးနိုင်သေးသည့် အနေအထားဖြစ်သည်။ လက်ရှိကာလအထိ ဂျာမနီနိုင်ငံလူဦးရေ၏ ၂ ဒသမ ၄ ရာခိုင်နှုန်းသာ ကာကွယ်ဆေး ထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား - ဘီဘီစီ**
**ဘာသာပြန် - မေလှဲ့သင်း**

**ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ**

| | |
|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၁၀၂၁၃၂၉၃၁ ဦး |
| သေဆုံးသူ | ၂၂၀၂၉၉၃ ဦး |
| ပြန်လည်ကျန်းမာလာသူ | ၇၃၉၈၅၁၀၃ ဦး |







## တာချီလိတ်မြို့နယ်၌ ငွေကျပ် သိန်း ၄၈၀၀ ကျော် တန်ဖိုးရှိ ထိန်းချုပ်ဓာတုပစ္စည်း ကဖင်းများ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၂၉**

တာချီလိတ်မြို့နယ်တွင် ငွေကျပ်သိန်း ၄၈၀၀ ကျော် တန်ဖိုးရှိ ထိန်းချုပ်ဓာတုပစ္စည်း ကဖင်းများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏



မာထယ်နှင့် ကျုကျိုရှီးတို့အား သိမ်းဆည်းရမိသည့် ကဖင်းများနှင့်အတူ တွေ့ရစဉ်။

သတင်းထုတ်ပြန်ချက်အရ သိရသည်။

ယင်းသတင်းထုတ်ပြန်ချက်တွင် တာချီလိတ်မြို့နယ် ကျိုင်းတုံ-တာချီလိတ် ကားလမ်း မယ်ယန်းပူးပေါင်းစစ်ဆေးရေးစခန်းအား ရှောင်ကွင်းကာ မယ်လိတ်ပါကော်-ဖန်မင်ရွာတောလမ်းအတိုင်း မူးယစ်ဆေးဝါး ထုတ်လုပ်ရာတွင် အဓိက အသုံးပြုသော ထိန်းချုပ်ဓာတုပစ္စည်းများဖြစ်သည့် ကဖင်းများ တရားမဝင် သယ်ဆောင်လာမည့် သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ အဆိုပါလမ်းဝန်းကျင်၌ ပိတ်ဆို့ဖြန့်ခွဲစောင့်ဆိုင်းနေစဉ် ဇန်နဝါရီ ၂၇ ရက် နံနက် ၄ နာရီက မာထယ်(ခ)အလီး မောင်းနှင်ပြီး ကျုကျိုရှီး လိုက်ပါလာသည့်ယာဉ်ကို ရပ်တန့်ရှာဖွေခဲ့ရာ နောက်မှ ဆက်လက်လိုက်ပါလာသည့် ယာဉ်သုံးစီးမှာ နောက်ပြန်လှည့်မောင်းပြေးသဖြင့် ပစ်ခတ်ဖမ်းဆီးခဲ့သည်။ အဆိုပါယာဉ်များပေါ်မှ ဒါယေ၊ ပေါလို့၊ ကျာဘို၊ မယ်နူး(ခ) အားဖျော့တို့လေးဦး ထွက်ပြေးလွတ်မြောက်သွားပြီး ယာဉ်လေးစီးဖြင့် သယ်ဆောင်လာသည့် ငွေကျပ်သိန်း ၄၈၀၀ ကျော် တန်ဖိုးရှိ ကဖင်း ၆၀၂၅ ကီလို သိမ်းဆည်းရမိခဲ့သည်။

ဖမ်းဆီးရမိခဲ့သည့် ပြစ်မှုကျူးလွန်သူများ၏ဖော်ထုတ်ချက်အရ ကဖင်းများအား မာထယ်(ခ)အလီးက ဦးဆောင်၍ ကျိုင်းလပ်မြို့နယ် မယ်ခေါင်မြစ်ဘေးရှိ ကျာကကျေးရွာမှ မိုင်းဆတ်မြို့နယ် ပူနားကိုကျေးရွာသို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း၊ တစ်ဖက်နိုင်ငံ နယ်စပ်မှတစ်ဆင့် ပြည်တွင်းသို့ သယ်ယူကြောင်း သိရှိရသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **သတင်းစဉ်**

## သာစည်နှင့် နမ့်ခမ်းမြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၂၉**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ဇန်နဝါရီ ၂၇ ရက် ည ၁၁ နာရီက သာစည်မြို့နယ် သပြေဝကျေးရွာအနီး ရန်ကုန်-မန္တလေးသွားကားလမ်း(ဟောင်း) မိုင်တိုင်အမှတ် (၃၁၉/၃) တွင် ထွန်းအောင်ကျော် မောင်းနှင်ပြီး ခန့်ချောနှင့် စည်သူထွန်းတို့ လိုက်ပါလာသည့် ခရီးသည်တင်ယာဉ်အား ရပ်တန့်ရှာဖွေရာ အမိုနီယမ်နိုက်ထရိတ် ၂၆၂၅ ကီလို သိမ်းဆည်းရမိခဲ့သည်။

ထို့အတူ ဇန်နဝါရီ ၂၈ ရက် နံနက် ၁၁ နာရီခွဲတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် နမ့်ခမ်းမြို့နယ် နမ့်ခမ်း-မန်ဝိန်းကြီး သွားကားလမ်း ကွန်လုံကျေးရွာ ရွှေလီတံတားအနီးတွင် ဂွန်းဆန့် မောင်းနှင်ပြီး တူးအောင်(ခ)မရမ်တူးအောင် လိုက်ပါလာသည့် ဆိုင်ကယ်အား ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၂၀၀၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**

## ၂၀၂၀ ပြည့်နှစ်တွင် ရန်ကုန်တိုင်းဒေသကြီး၌ မီးလောင်မှု ၂၃၃ ကြိမ်ဖြစ်ပွား

**ရန်ကုန် ဇန်နဝါရီ ၂၉**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ မီးလောင်မှု ၂၃၃ ကြိမ်ဖြစ်ပွားခဲ့ပြီး လူကိုးဦးသေဆုံး၍ မီးလောင်မှုကြောင့် ဆုံးရှုံးမှုတန်ဖိုးမှာ စုစုပေါင်း ငွေကျပ်၂၉၀၆ ဒသမ ၃၂၂၈ သန်းရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ သိရသည်။

မီးလောင်မှုဖြစ်ပွားရာတွင် ပေါ့ဆမှုကြောင့် မီးလောင်မှု အများဆုံးဖြစ်ပွားပြီး မီးလောင်မှု ၁၁၂ ကြိမ်ရှိသည်။ ထို့အပြင် လျှပ်စစ်မီး ၉၂ ကြိမ်၊ မီးဖိုမီး ၁၀ ကြိမ်၊ မသမာသူရှို့မီး ကိုးကြိမ်၊ အလိုအလျောက်မီး ရှစ်ကြိမ်၊ တောမီး တစ်ကြိမ်၊ စုံစမ်းဆဲမီး တစ်ကြိမ် ဖြစ်ပွားခဲ့သည်။ မီးလောင်မှုဖြစ်ပွားခြင်းကြောင့် လူ ကိုးဦး သေဆုံးခဲ့ပြီး ဒဏ်ရာရသူ ၂၀ ရှိသည်။ အိမ်ခြေအဆောက်အအုံ ၂၄၈ လုံး၊ စက်ရုံ အလုပ်ရုံ နှစ်ခု၊ ဂိုဒေါင် ၁၃ လုံးတို့ မီးလောင်ဆုံးရှုံးပြီး မီးဘေးသင့်သူ ၄၆၁ ဦး ဖြစ်ပေါ်ခဲ့သည်။ ကြက်၊ ဝက်အချို့လည်း သေဆုံးခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းမြင့်၏ ပြောကြားချက်အရ သိရသည်။ **အောင်သူရ**



## ဘယ်လိုကြောင့် ဘယ်သူ၊ ဘယ်အုပ်စုတွေကို ဦးစားပေးမှာလဲဆိုတာကို ပြည်သူတွေကို အသိပေးချပြပေးသွားမယ်



ကျွန်မတို့ ပထမဦးဆုံးလုပ်မှာကတော့ နောက်အပတ်ကိုစဖို့ ကျွန်မတို့စီစဉ်ထားပါတယ်။ ရှေ့တန်းက ကျန်းမာရေး ဝန်ဆောင်မှုပေးနေတဲ့ ကျွန်မတို့ပြည်သူတွေထိုးဖို့၊ ဝန်ထမ်းတွေနဲ့ပေါ့။ စေတနာ့ဝန်ထမ်းတွေအပါအဝင်ထိုးဖို့ နောက်အပတ်မှာလုပ်ဖို့ ကျွန်မတို့ စီစဉ်ထားပါတယ်။ အဲဒီလို စပြီးလုပ်ပြီဆိုရင်တော့ လက်တွေ့ကျကျ ဘယ်လိုအခက်အခဲတွေ ရှိနိုင်တယ်။ ဘာတွေ ကျွန်မတို့ ထပ်ပြီးတော့ ပိပိပြင်ပြင် စီစဉ်ဖို့ လိုမလဲဆိုတာကို ကျွန်မတို့သိမှာပါ။ အဲဒီအပေါ်မှာအခြေခံပြီးတော့ ကျွန်မတို့ ဆက်လုပ်သွားမှာပါ။ နောက်ပြီးတော့ အဓိကကျတဲ့ အစိုးရအဖွဲ့ဝင်များနဲ့ အစိုးရဝန်ထမ်းများကိုထိုးတဲ့ အစီအစဉ်ကိုလည်း လုပ်မှာပါ။ လွှတ်တော်ကိုယ်စားလှယ်များကိုထိုးတဲ့ အစီအစဉ်ကိုလည်း လုပ်မှာပါ။ ဒါကိုနောက်တစ်ပတ်ဆယ်ရက်အတွင်းလောက်မှာ ဒီအသုတ်တွေကိုတော့ ပြီးအောင်လုပ်လို့ရမယ်လို့ ကျွန်မတို့ ခန့်မှန်းထားပါတယ်။ ဒီကြားထဲမှာ ထပ်ပြီးတော့ ရောက်လာတာနဲ့အမျှ၊ ကာကွယ်ဆေးတွေ ထပ်ပြီးရောက်လာတာနဲ့အမျှ ကျွန်မတို့ တဖြည်းဖြည်းနဲ့ တစ်ဆင့်ပြီးတစ်ဆင့် ရောဂါပြန့်ပွားမှုကို ကာကွယ်ဖို့အတွက် အရေးကြီးတဲ့နေရာများ၊ နောက်ပြီးတော့လည်း ကျွန်မတို့နိုင်ငံရဲ့ယန္တရား ပြန်လည်ပြီး ပုံမှန်လည်ပတ်နိုင်ဖို့အတွက် အရေးကြီးတဲ့နေရာများကို ဦးစားပေးပြီးတော့ ကျွန်မတို့ အစီအစဉ်တွေ ချမှတ်သွားမှာဖြစ်ပါတယ်။ အစီအစဉ်တွေချမှတ်တာနဲ့အမျှ ကျွန်မတို့ ပြည်သူကိုအသိပေးမှာပါ။ ဘယ်လိုကြောင့် ဘယ်သူ၊ ဘယ်အုပ်စုတွေကို ကျွန်မတို့ ဦးစားပေးမှာလဲဆိုတာကိုလည်း ပြည်သူတွေကို အသိပေးချပြပေးမှာဖြစ်ပါတယ်။

( Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၂၁-၁-၂၀၂၁ ရက်နေ့တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု နောက်ဆုံးအခြေအနေနှင့်စပ်လျဉ်း၍ ပြည်သူများသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## ဇန်နဝါရီ ၂၉ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၃၆၃ ဦး တွေ့ရှိ

### COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၉-၁-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၂၈-၁-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၉-၁-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁၈,၂၇၁) ခုအား စစ်ဆေးပြီးစီးခဲ့ရာ **COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃၆၃)ဦး တွေ့ရှိ**ရပါသည်။

ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ
(၂၉-၁-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) | (၁,၅၃၅) ခု | (၂၃) ဦး |
| ဆေးသုတေသနဦးစီးဌာန (ရန်ကုန်) | (၁၄၉) ခု | (၃) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) | (၄၁၃) ခု | (၄၂) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) | (၂၀၇) ခု | (၁၁) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (တောင်ကြီး) | (၄၄၅) ခု | (၄) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မူဆယ်) | (၁၁၉) ခု | (၆) ဦး |
| ရန်ကုန်မြို့ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၄၃၅) ခု | (၈) ဦး |
| ဆေးတက္ကသိုလ် (၁) (ရန်ကုန်) | (၉၆) ခု | (၁၄) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၂) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၂၀) ခု | (၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၆၇၂) ခု | (၄၅) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၄,၁၇၈) ခု | (၂၀၆) ဦး |
| **စုစုပေါင်း** | **(၁၈,၂၇၁) ဦး** | **(၃၆၃) ဦး** |

COVID-19 နေ့စဉ် စမ်းသပ်တွေ့ရှိရမှုနှုန်း (test positivity rate) မှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

| | ၂၀-၁-၂၁ | ၂၁-၁-၂၁ | ၂၂-၁-၂၁ | ၂၃-၁-၂၁ | ၂၄-၁-၂၁ | ၂၅-၁-၂၁ | ၂၆-၁-၂၁ | ၂၇-၁-၂၁ | ၂၈-၁-၂၁ | ၂၉-၁-၂၁ |
|---|---|---|---|---|---|---|---|---|---|---|
| ဓာတ်ခွဲနမူနာ စုစုပေါင်း | ၂၀,၄၇၆ | ၁၉,၁၄၇ | ၁၇,၆၉၉ | ၂၀,၃၉၇ | ၁၈,၇၈၆ | ၁၇,၉၂၄ | ၁၉,၆၆၇ | ၁၆,၅၅၆ | ၁၆,၃၇၈ | ၁၈,၂၇၁ |
| ပိုးတွေ့လူနာ | ၄၇၈ | ၄၄၅ | ၄၂၅ | ၅၀၇ | ၄၇၆ | ၃၈၃ | ၄၁၁ | ၄၃၄ | ၃၅၀ | ၃၆၃ |
| ပိုးတွေ့ရှိမှု ရာခိုင်နှုန်း | ၂.၃ | ၂.၃ | ၂.၄ | ၂.၅ | ၂.၅ | ၂.၁ | ၂.၁ | ၂.၆ | ၂.၁ | ၂.၀ |

မှတ်ချက်။ COVID-19 စမ်းသပ်တွေ့ရှိရမှုနှုန်းမှာ ဓာတ်ခွဲစစ်ဆေးသည့် အရေအတွက်ပေါ်၌လည်း မူတည်နေပါသည်။ (၂၀-၁-၂၀၂၁)ရက်နေ့မှ (၂၉-၁-၂၀၂၁)ရက်နေ့အထိ နေ့စဉ်စစ်ဆေးသော ဓာတ်ခွဲနမူနာများ၏ ပျမ်းမျှအရေအတွက်မှာ (၁၈,၅၂၂) ခု ဖြစ်ပါသည်။

* ပြည်သူလူထုအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ တစ်ပြည်လုံးအတိုင်းအတာဖြင့် ဆောင်ရွက်နေသည့် "ပါးစပ်နှင့် နှာခေါင်းစည်းမဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှားမှုစီမံချက်(mask and face shield campaign)" ၌ ပါဝင်သော ဆောင်ရွက်ရမည့်အချက်များကို တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းနှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID-19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ ဆောင်ရွက်မှသာလျှင် ရောဂါကူးစက်ပြန့်ပွားမှုကို အမြန်ဆုံးထိန်းချုပ်နိုင်မည်ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် COVID-19 လူနာ ဖြစ်ပွား၊ သေဆုံးမှု အခြေအနေ
(၂၉-၁-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| | အသစ် (လွန်ခဲ့သော ၂၄ နာရီအတွင်း) | ယခုအထိ စုစုပေါင်း |
|---|---|---|
| စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | (၁၈,၂၇၁) ဦး | (၂,၃၅၇,၇၄၃) ဦး |
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | (၃၆၃) ဦး | (၁၃၉,၅၁၅) ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | (၅၀၈) ဦး | (၁၂၄,၀၆၄) ဦး |
| သေဆုံးလူနာ | (၁၂) ဦး | (၃,၁၁၅) ဦး |

- ယနေ့ သေဆုံးသူ (၁၂) ဦးမှာ ရောဂါအခံရှိသူ (၁၁)ဦး ပါဝင်ပါသည်။
- တိုင်းဒေသကြီး/ ပြည်နယ်များရှိ ဆေးရုံများနှင့် ရန်ကုန်မြို့ရှိ COVID-19 ရောဂါကုသရေးဌာနများ၊ တပ်မတော်ဆေးရုံများမှ ဆေးရုံဆင်းခွင့်ရရှိသူ စုစုပေါင်း (၅၀၈) ဦးတွင် -
  - ဆေးရုံများ - (၃၁၈) ဦး
  - COVID-19 ရောဂါကုသရေးဌာနများ (ရန်ကုန်မြို့) - (၁၉၀) ဦး ပါဝင်ပါသည်။
- ရန်ကုန်တိုင်းဒေသကြီးအတွင်း ဓာတ်ခွဲအတည်ပြုလူနာများနှင့် အနီးကပ်ထိတွေ့ခဲ့သူများအနက်မှ ဓာတ်ခွဲအဖြေ Negative ထွက်ရှိခဲ့သဖြင့် အသွားအလာကန့်သတ်ထားရှိရာနေရာများမှ ဆင်းခွင့်ပေးခဲ့ကာ နေအိမ်များတွင် ဆက်လက်၍ အသွားအလာကန့်သတ်ထားရှိသူ စုစုပေါင်း (၄၃၃)ဦး ရှိပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

# COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေစီမံခန့်ခွဲမှုဆပ်ကော်မတီ၏ အသိပေးကြေညာချက်

မြန်မာ့စီးပွားရေးဘဏ် (နေပြည်တော်)တွင် ဖွင့်လှစ်ထားရှိသော COVID-19 ကာကွယ်ဆေး ဝယ်ယူရရှိရေးရန်ပုံငွေ (COVID-19 Vaccination Fund) မြန်မာကျပ်ငွေစာရင်း OA 013733 နှင့် နိုင်ငံခြားငွေစာရင်း EDC 600012 တို့သို့ ၂၁-၁-၂၀၂၂ ရက်နေ့မှ ၂၇-၁-၂၀၂၂ ရက်နေ့အထိ ပြည်တွင်း / ပြည်ပ အလှူရှင်များမှ ထည့်ဝင်လှူဒါန်းငွေစုစုပေါင်းမှာ ကျပ် ၆,၇၃၀.၅၃၉ သန်းနှင့် အမေရိကန်ဒေါ်လာ ၃၅၉,၀၃၀ ဖြစ်ပါသည်။ ၂၇-၁-၂၀၂၂ ရက်နေ့အထိ ရန်ပုံငွေစာရင်း၏ အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ OA-013733 စာရင်း**

| | ကျပ် |
|---|---|
| ၂၁-၁-၂၀၂၂ ရက်နေ့ရှိ စာရင်းဖွင့်လက်ကျန် | ၁၈,၇၈၁,၃၃၆,၅၈၂.၃၉ |
| (+) ၂၁-၁-၂၀၂၂ မှ ၂၇-၁-၂၀၂၂ ရက်နေ့ထိ ရရှိငွေ | ၆,၇၃၀,၅၃၈,၉၀၃.၀၀ |
| ၂၇-၁-၂၀၂၂ ရက်နေ့ရှိ စာရင်းပိတ်လက်ကျန် | ၂၅,၅၁၁,၈၇၅,၄၈၅.၃၉ |

**COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ EDC 600012 စာရင်း**

| | အမေရိကန်ဒေါ်လာ |
|---|---|
| ၂၁-၁-၂၀၂၂ ရက်နေ့ရှိ စာရင်းဖွင့်လက်ကျန် | ၁၇၇,၇၄၄,၅၅၆.၆၉ |
| (+)၂၁-၁-၂၀၂၂ မှ ၂၇-၁-၂၀၂၂ ရက်နေ့ထိ ရရှိငွေ | ၃၅၉,၀၃၀.၅၉ |
| ၂၇-၁-၂၀၂၂ ရက်နေ့ရှိ စာရင်းပိတ်လက်ကျန် | ၁၇၈,၁၀၃,၅၈၇.၂၈ |

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၂၆၃၃၈၆၀၇ | ၁၆၀၇၀၁၂၇ | ၄၄၃၇၆၉ |
| ၂။ | အိန္ဒိယ | ၁၀၇၂၀၉၇၁ | ၁၀၃၉၄၃၅၂ | ၁၁၄၀၄၇ |
| ၃။ | ဘရာဇီး | ၉၀၆၀၇၈၆ | ၇၉၂၃၇၉၄ | ၂၂၁၆၇၆ |
| ၄။ | ရုရှား | ၃၈၁၃၀၄၈ | ၃၂၅၅၄၆၂ | ၇၂၁၈၅ |
| ၅။ | ဗြိတိန် | ၃၇၄၃၇၃၄ | ၁၆၇၃၉၃၆ | ၁၀၃၁၂၆ |
| ၆။ | ပြင်သစ် | ၃၁၃၀၆၂၉ | ၂၂၀၅၇၀ | ၇၄၈၀၀ |
| ၇။ | စပိန် | ၂၇၉၂၃၆၀ | စိစစ်ဆဲ | ၅၇၈၀၆ |
| ၈။ | အီတလီ | ၂၅၁၅၅၀၇ | ၁၉၅၁၅၀၉ | ၈၇၃၈၁ |
| ၉။ | တူရကီ | ၂၄၅၇၁၁၈ | ၂၃၄၀၂၁၆ | ၂၅၆၀၅ |
| ၁၀။ | ဂျာမနီ | ၂၁၉၄၅၆၂ | ၁၈၉၈၉၀၀ | ၅၆၂၂၀ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၁၀၅၁၇၉၅ | ၈၅၂၂၆၀ | ၂၉၅၁၈ |
| ၂။ | ဖိလစ်ပိုင် | ၅၂၁၄၁၃ | ၄၇၅၇၆၅ | ၁၀၆၀၀ |
| ၃။ | မလေးရှား | ၂၀၃၉၃၃ | ၁၅၇၇၂၂ | ၇၃၃ |
| ၄။ | မြန်မာ | ၁၃၉၅၁၅ | ၁၂၄၀၆၄ | ၃၁၁၅ |
| ၅။ | စင်ကာပူ | ၅၉၄၄၉ | ၅၉၁၄၈ | ၂၉ |
| ၆။ | ထိုင်း | ၁၇၀၂၃ | ၁၁၃၉၆ | ၇၆ |
| ၇။ | ဗီယက်နမ် | ၁၆၅၇ | ၁၄၄၈ | ၃၅ |
| ၈။ | ကမ္ဘောဒီးယား | ၄၆၃ | ၄၃၈ | ၀ |
| ၉။ | ဘရူနိုင်း | ၁၈၀ | ၁၇၀ | ၃ |
| ၁၀။ | လာအို | ၄၄ | ၄၁ | ၀ |



# အပြည်ပြည်ဆိုင်ရာမြန်မာလေကြောင်းက မှာယူထားသည့် လေယာဉ်အသစ် ရောက်ရှိ

**ရန်ကုန် ဇန်နဝါရီ ၂၉**

နိုင်ငံတကာလေကြောင်းလိုင်းများ ပြန်လည်ဖွင့်လှစ်ပါက နိုင်ငံတကာသို့ ပျံသန်းပြေးဆွဲနိုင်ရန်အတွက် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း(MAI) က မှာယူထားသည့် Airbus A320-214 XY-ALL လေယာဉ်အသစ်သည် ယနေ့နံနက်ပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိလာသည်။

MAI လေကြောင်းလိုင်းသို့ ထပ်မံဖြည့်တင်းရောက်ရှိလာသည့် ယင်းလေယာဉ်အသစ်အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် လေကြောင်းလိုင်းမှ တာဝန်ရှိသူများက Water-salute အခမ်းအနားပြုလုပ်၍ ကြိုဆိုခဲ့ပြီး အဆိုပါလေယာဉ်အသစ်ကို နယ်သာလန်နိုင်ငံမှ မြန်မာနိုင်ငံသို့ Ferry Flight အဖြစ် ပျံသန်းမောင်းနှင်ပေးခဲ့သော လေယာဉ်မှူးများအား လေယာဉ်မယ်များက ပန်းစည်းများ ပေးအပ်၍ ကြိုဆိုနှုတ်ဆက်ကြသည်။

Airbus A320-214 XY-ALL လေယာဉ်ကို ပြင်သစ်နိုင်ငံတွင် ထုတ်လုပ်ပြီး Manufacturing Serial Number မှာ MSN-4758 ဖြစ်ကာ Business Class ထိုင်ခုံ ရှစ်ခုံနှင့် Economy Class ထိုင်ခုံ ၁၆၂ ခုံပါရှိပြီး စုစုပေါင်းခရီးသည် ၁၇၀ ကို တင်ဆောင်ပျံသန်းနိုင်မည်ဖြစ်သည်။ ထို့ပြင် အပြည်ပြည်ဆိုင်ရာမြန်မာလေကြောင်း (MAI) သည် Safety နှင့် Operations ပိုင်းဆိုင်ရာတွင် နိုင်ငံတကာလေကြောင်းအဖွဲ့အစည်းများဖြစ်သည့် ICAO၊ IATA တို့၏ သတ်မှတ်စံချိန်စံနှုန်းများနှင့်အညီ ကိုက်ညီမှုရှိသည့်အပြင် လေကြောင်းလိုင်း စတင်တည်ထောင်ကတည်းက Accident များ တစ်ကြိမ်တစ်ခါမျှဖြစ်ခဲ့ခြင်းမရှိသဖြင့် IOSA လက်မှတ်ကို မြန်မာနိုင်ငံတွင် ပထမဆုံးရရှိခဲ့သည့် လေကြောင်းလိုင်းဖြစ်သည့်အပြင် နိုင်ငံတကာခရီးစဉ်များ ပြေးဆွဲနေသည့် မြန်မာလေကြောင်းလိုင်းများအနက် တစ်ခုတည်းသော IOSA လက်မှတ်ရရှိထားသော လေကြောင်းလိုင်းလည်း ဖြစ်သည်။

ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားနေသည့် ကာလဖြစ်သော်လည်း အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း (MAI) သည် IOSA ၏ Remote Audit စစ်ဆေးခြင်းကို ဇန်နဝါရီ ၁၅ ရက်တွင် ထပ်မံအောင်မြင်ခဲ့ပြီးဖြစ်၍ ICAO ၏ Standard နှင့်အညီ IATA ၏ Member ဖြစ်သော IOSA လက်မှတ်ရ Operator အဖြစ် ဆက်လက်ရပ်တည်လျက်ရှိသည်။ ထို့ကြောင့် အပြည်ပြည်ဆိုင်ရာမြန်မာလေကြောင်း (MAI) က ပျံသန်းပြေးဆွဲမည့် ပြည်တွင်း၊ ပြည်ပ ခရီးစဉ်တိုင်းကို Operations ပိုင်း Safety အရ ခရီးသွားပြည်သူများ ယုံကြည်စိတ်ချစွာစီးနင်းနိုင်မည်ဖြစ်ကြောင်း သိရသည်။

သတင်း- ရဲရင့်ရှိန်း
ဓာတ်ပုံ- ဖိုးသော်ဇင်






# လဟယ်မြို့နယ် ထန်ပါခွေ-တာမောင်-မခွါလယ် မြေသားလမ်းဖောက်လုပ်မှု စစ်ဆေး

**လဟယ် ဇန်နဝါရီ ၂၉**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး (ပြည်ထောင်စု) ရန်ပုံငွေကျပ် ၅၀ ဒသမ ၉၄၀ သန်းဖြင့် ဆောင်ရွက်လျက်ရှိသော နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နယ် ထန်ပါခွေ-တာမောင်-မခွါလယ်(၂၄/၀) မိုင်တွင် ခြောက်မိုင်မြေသားလမ်းဖောက်လုပ်ပြီးရာမှ (၁/၀)မိုင် မြေသားလမ်း ဆက်လက်ဖောက်လုပ်ခြင်းလုပ်ငန်းကို ဇန်နဝါရီ ၂၄ ရက်က ခေတ္တ နာဂဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး (လဟယ်)မှ တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

နယ်စပ်ရေးရာဝန်ကြီးဌာနက ဆောင်ရွက်ပေးသော အဆိုပါ လမ်းဖောက်လုပ်ပြီးစီးသွားပါက ထန်ပါခွေမြို့နှင့် ကျေးရွာ သုံးရွာရှိ ဒေသခံတိုင်းရင်းသားများအတွက် လမ်းပန်းဆက်သွယ်ရေး ယခင်ကထက် ပိုမိုကောင်းမွန်လာပြီး ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် လူမှုဘဝများအတွက် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။

အောင်မြတ်သူ (ခန္တီး)

**ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့ စည်းကမ်းများကို လိုက်နာစို့**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါက်တာဒေါ်ခင်အေးသီ**

**ခေတ်မှန်ဆရာဝန်ကြီး၊ ပါမောက္ခ၊ ဌာနမှူး(ငြိမ်း)၊ ဆေးတက္ကသိုလ်(၂)၊ ရန်ကုန်**

**အသက် (၇၄) နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ကျိုက်ဝိုင်းဘုရားလမ်း၊ အမှတ်(၇၉)နေ ပါမောက္ခ ဒေါက်တာဦးမြအောင်(မျက်စိအထူးကုဆရာဝန်ကြီး)၏ချစ်လှစွာသော ဇနီး ဒေါက်တာဒေါ်ခင်အေးသီ(ပါမောက္ခ၊ ဌာနမှူး-ငြိမ်း)သည် ၂၇-၁-၂၀၂၁ ရက် ညနေ ၃:၃၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။ **မြန်မာနိုင်ငံခေတ်မှန်ပညာအဖွဲ့**

## ခရစ်တော်၌ အိပ်ပျော်ခြင်း

**ဦးစိန်သော်**

**ဒုအရာခံဗိုလ်-ငြိမ်း၊ ပည-၈၉၆၈**

**အသက် (၇၇) နှစ်**

(ဒေါ်မြသန်း)၏ချစ်ခင်ပွန်း၊ (ဦးအောင်သော်ထင်)-နယ်လီအောင်၊ ဇော်လင်း-မူစိန်ဂေး၊ စောသန်းအောင်တို့၏ဖခင်၊ မြေး ခုနစ်ယောက်တို့၏အဘိုးသည် ၂၈-၁-၂၀၂၁ ရက် ညနေ ၃ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၃၀-၁-၂၀၂၁ ရက် နံနက် ၁၁ နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ၌ ဂူသွင်းမြှုပ်နှံပါမည်။ ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေကန်၊ မုခ်ဦး ဒါယကာကြီး**

**ဦးကျော်သိန်းဇံ (ဘကျော်)**

**Managing Director**

**K.T.Z Company Limited**

**အသက် (၆၈) နှစ်**

မိတ်ဆွေသင်္ဂဟများနှင့် တပည့်သားသမီးများအပေါ်တွင် စိတ်ကောင်းနှလုံးကောင်းထားရှိ၍ မေတ္တာတရားကြီးမားလှပါသော ဦးကျော်သိန်းဇံ (Managing Director,K.T.Z Company Limited) သည် ၂၈-၁-၂၀၂၁ ရက် နံနက် ၅:၁၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။ ဝန်ထမ်းများအားလုံးအပေါ် မိဘသဖွယ်အမြဲစောင့်ရှောက်ပေးပြီး အလှူရေစက် လက်နှင့်မကွာ သဒ္ဓါတရား ဖြူစင်ထက်သန်လှသော ဘကျော် ကောင်းရာသုဂတိဘုံဌာနသို့ ရောက်ရှိပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

**ဦးသန်းအောင်နှင့် ဒေါ်အိအိငယ် မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေကန်၊ မုခ်ဦး ဒါယကာကြီး**

**ဦးကျော်သိန်းဇံ (ဘကျော်)**

**Managing Director**

**K.T.Z Company Limited**

**အသက် (၆၈) နှစ်**

မိတ်ဆွေသင်္ဂဟများနှင့် တပည့်သားသမီးများအပေါ်တွင် စိတ်ကောင်းနှလုံးကောင်းထားရှိ၍ မေတ္တာတရား ကြီးမားလှပါသော ဦးကျော်သိန်းဇံ (Managing Director,K.T.Z Company Limited)သည် ၂၈-၁-၂၀၂၁ ရက် နံနက် ၅:၁၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။ ဝန်ထမ်းများအားလုံးအပေါ် မိဘသဖွယ်အမြဲစောင့်ရှောက်ပေးပြီး အလှူရေစက်လက်နှင့်မကွာ သဒ္ဓါတရားဖြူစင်ထက်သန်လှသော ဘကျော် ကောင်းရာသုဂတိဘုံဌာနသို့ ရောက်ရှိပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

**The Management of K.T.Z Company Limited နှင့် ဝန်ထမ်းများ**

## ဦးသိန်းထွန်း (ပေါင်းတည်မြို့)

**မြန်မာ့စီးပွားရေးဘဏ်(ငြိမ်း)၊ ကမာရွတ်**

**အသက် (၇၈) နှစ်**

ပေါင်းတည်မြို့နေ (ဦးသင်းမောင်-ဒေါ်ထွေးမြင့်)တို့၏သားကြီး၊ ရန်ကုန်မြို့နေ (ဦးချစ်ခင်-ဒေါ်ခင်သီ)တို့၏ သားသမက်၊ သဃ်္ဃန်းကျွန်း မြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်၊ ပြည်တော်အေးလမ်း၊ အမှတ်(၆၃)၊ ဒါဘာနေ ဒေါ်ခင်သွယ်မှု(မြန်မာ့စီးပွားရေးဘဏ်-ငြိမ်း၊ တာမွေ)၏ ကျေးဇူးရှင်ခင်ပွန်း၊ ကပ္ပတိန်မိုးဇော်ထွန်း-ဒေါ်မို့မို့ခိုင်၊ ရဲမှူးဇော်မိုး လတ်-ဒေါ်အေးအေးသင်းတို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မြေးလေးယောက် တို့၏အဘိုး ဦးသိန်းထွန်းသည် ၂၈-၁-၂၀၂၁ ရက် နံနက် ၄:၄၀ နာရီ တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ (၉၆)ပါးရောဂါဖြင့် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃ နာရီတွင် ရေဝေး သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၃-၂-၂၀၂၁ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးနေမျိုးအောင်

**အသက် (၄၉) နှစ်**

ဦးအောင်မြင့်-(ဒေါ်အုန်းကြည်)တို့၏ သား၊ (ဦးထွေးအောင်-ဒေါ်စန်းစန်းငွေး)တို့၏သားသမက်၊ သန်လျင်မြို့နယ်၊ ရုံးတော်ရပ်၊ မင်းရဲကျော်စွာလမ်း၊ အမှတ်(35/B)နေ (ဒေါ်နှင်းယုအောင်)၏ ချစ်လှစွာသောခင်ပွန်း၊ မောင်သော်ဇင်မျိုးအောင်၊ မောင်သုတမျိုးအောင်တို့၏ ဖခင်၊ ဦးချိုဝင်းအောင်-ဒေါ်ထိုက်ထိုက်ထွန်း၊ ဦးမင်းကြည်-ဒေါ်သဇင်အောင်၊ ဦးမင်းမင်းအောင်-ဒေါ်နန်းခင်ကြည်တို့၏အစ်ကိုကြီး ဦးနေမျိုးအောင်သည် ၂၈-၁-၂၀၂၁ (ကြာသပတေးနေ့) ညနေ ၄:၁၀ နာရီတွင် ဝိတိုရိယဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၁-၂၀၂၁ (သောကြာနေ့) ညနေ ၃ နာရီတွင် အမိုးနီသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

**သစ်တောနဲ့ သစ်ပင်ချစ်ခင်တဲ့ လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရှေ့တိုက်ကိုစိုး**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ခင်သန်း

**ချမ်းအေးမိုးကုတ်ရိပ်သာ၊ မှော်ဘီမြို့**

**အသက် (၈၆) နှစ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အမှတ် (၁၅)၊ ကျိတ်တန်းနှင့် အမှတ်(၁၈) ဥယျာဉ်လမ်းနေ ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး (ရတနာဦးသိန်းမောင်-ဒေါ်လှ)တို့၏ ဒုတိယသမီး၊ ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးရပ်ကွက်၊ နဝဒေးလမ်း၊ အမှတ်(၄၁-ဒု)နှင့် မြောက်ဒဂုံမြို့နယ်၊ (၃၆) ရပ်ကွက်၊ သမိန်ဗရမ်းလမ်း၊ အမှတ်(၆၉၅)၊ ခေမာမြိုင်နေ [ဦးချို(ခ)ဦးမျိုးတင့်]၏ ချစ်လှစွာသောဇနီး၊ ဒေါ်ကြည်ကြည်ညွန့်(ခ)ချိုတူး (USA)-(ဦးအောင်သန်း)၊ ဒေါ်ခိုင်ဇင်သင်း(ခ)ချိုသရီး(USA)တို့၏ ချစ်လှစွာသောမိခင်၊ မဇာကြည်ချိုဦး(USA)၊ မောင်ကောင်းချစ်(ခ)ကောင်းပြည့်ရှင်၊ ကာရံချို၊ မောင်လင်းပြည့်ဖြိုး၊ ဝင့်ကျော်ဖြိုး (USA)၊ မောင်ကျော်ညီညီမင်း(USA)၊ ယွန်းထိုက်သူတို့၏အဘွား၊ CINDY ၊ Henry၊ ဆုးနေရည်ဖြိုး၊ ကောင်းခန့်တည်ကြည်၊ ထက်နေပိုင်ဖြိုး၊ ပန်ဆုသာ(ခ) Alexia တို့၏ဘွားဘွားကြီး ဒေါ်ခင်သန်းသည် ၂၈-၁-၂၀၂၁ ရက် ညနေ ၆:၃၀ နာရီတွင် ရန်ကုန်မြို့၊ ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၁-၂၀၂၁(သောကြာနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘုရား၊ စေတီ၊ ရေတွင်း၊ ရေကန် ဒါယိကာမကြီး**

## ဒေါ်ခင်မြင့် (ခ) ဒေါ်ပြုံးမာ

**ပြုံးမာလေး(ကန်တော်မြေ)**

**အသက် (၇၆) နှစ်**

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၅) ရပ်ကွက်၊ (၂၂)လမ်း၊ အမှတ်(၉)၊ လေးလွှာနေ ဦးဝင်းစိန်၏ဇနီး၊ [ကိုကျော်စိုးအောင်(ခ)ကျောင်းဆရာ]-မအေးအေးမင်း၊ ကိုဇော်လင်းဦး-မဇင်မာဝင်း၊ မဝင်းမာထွေးတို့၏မိခင်၊ မဇွန်ပွင့်ဖြူ၊ မခိုင်သဇင်ကို၊ မောင်သီဟဇော်တို့၏အဘွား ဒေါ်ခင်မြင့်(ခ)ဒေါ်ပြုံးမာသည် ၁၈-၁၀-၂၀၂၀ ရက် ည ၁၁:၅၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၁၀-၂၀၂၀ ရက်တွင် မီးသဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေအပေါင်းအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ၁၄၃/၂-ရပ်ကွက်၊ မြေကွက်အမှတ်(၂၆၆/၄)နှင့် (၂၆၆/၅)၊ တိုင်းတာမင်းကြီးလမ်း၊ ပါမစ်မြေကွက် အရောင်းအဝယ်နှင့်စပ်လျဉ်းပြီး ကန့်ကွက်နိုင်ပါသည်

အဆိုပါ ပါမစ်မြေကွက်များကို တရားဝင် အမည်ပေါက်ပိုင်ရှင်များဖြစ်ကြသော ဒေါ်သန်းမူစန်း[၈/နမန(နိုင်)၀၉၉၇၄၂]နှင့် ဒေါ်နွဲ့မူဝင်း [၈/နမန(နိုင်)၁၂၂၈၂၈]တို့ထံမှ အရပ်စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူခဲ့သူ ဦးဇော်မျိုးထွန်း[၁၂/ဥကတ(နိုင်)၁၁၄၃၅၀]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများ ယနေ့မှ (၁၀)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ် ဆက်လက်ဆောင်ရွက်မည် ဖြစ်ပါကြောင်း။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်သော်(စဉ်-၄၀၃၅)**
**LL.B,DBL,DML,DIL,DLP,WIPO (Switzerland)**
**ဒေါ်အေးအေးစိုး(စဉ်-၅၈၂၇)**
**B.Sc, Hon (IC), HGP,R.L, D.B.L.**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၂၇)၊ ၁၂၁-လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**Tel: 294766 HP: 09-5017044**

**တောတောင် ပျက်ပြုန်း မြေဆီသုဉ်း၏**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်ဥ (နတ်တလင်း)

### အသက် (၈၁) နှစ်

ပဲခူးတိုင်းဒေသကြီး၊ အနောက်ခြမ်း၊ နတ်တလင်းမြို့၊ ရန်ကုန်ပြည်လမ်းနေ (ဦးသိန်းမောင်-ဒေါ်နု)တို့၏ သမီး၊ ပေါင်းတည်မြို့၊ ကျောင်းကုန်းကျေးရွာနေ (ဦးဟန်ရှိန်-ဒေါ်သောင်း)၊ ဇီးကုန်းမြို့၊ ဘုရားလမ်းနေ (ဦးတင်အေး)-ဒေါ်တင်လှ၊ ရွှေပေါက်ကံ၊ (၁၄) ရပ်ကွက်နေ ဗိုလ်ကြီးတင်လှိုင်(ငြိမ်း)-(ဒေါ်ကြည်ကြည်အေး)တို့၏ညီမ၊ အမှတ်(၆/၄၀)၊ တည်င်းကုန်းရပ်ကွက်၊ အောက်မင်္ဂလာဒုံလမ်းနေ ဒေါ်ရီရီချို၊ ဒေါ်သင်းသင်းမော်တို့၏မွေးသမိခင်ကျေးဇူးရှင်၊ တူ /တူမ ကိုးယောက်တို့၏အဒေါ်၊ ဦးခင်လတ်၏ချစ်လှစွာသောဇနီး ဒေါ်ခင်ဥသည် (၁၃၈၂-ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက်) ၂၈-၁-၂၀၂၂(ကြာသပတေးနေ့) နံနက် ၅ နာရီတွင် နေအိမ်၌ ကွယ်လွန်အနိစ္စရောက်သွားပါသောကြောင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ၃၀-၁-၂၀၂၂ (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (တည်င်းကုန်းနေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ရဟန်းဒါယကာကြီး

## ဦးတင်စိုး

တပ်မတော်(ရေ)၊ ငြိမ်း

(M.P.E) ကုန်းပတ်မှူး -ငြိမ်း

### အသက် (၈၄) နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၁/ထူပါရုံရပ်ကွက်၊ အမှတ်(၁၄၀၇)၊ မြင်တော်သာလမ်းနေ (ဦးရန်မောင်-ဒေါ်မြတင်)တို့၏သား၊ (ဦးမောင်ခန့်-ဒေါ်သိန်းလှ)တို့၏ သားသမက်၊ (ဒေါ်ဝင်းကြည်)၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးခင်ဇော်ဦး)-ဒေါ်သန်းသန်းအေး၊ ဦးကိုကို-ဒေါ်ခင်သီတာတို့၏ဖခင်၊ မြေးငါးယောက်၊ မြစ် သုံးယောက်တို့၏ဘိုးဘိုးကြီး ဦးတင်စိုးသည် ၂၉-၁-၂၀၂၂ (သောကြာနေ့) နံနက် ၆:၅၅ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် သဃ်န်းကျွန်းစံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၁-၂၀၂၂ ရက် နံနက် ၁၁ နာရီတွင် ကျီစုအအေးတိုက်မှ ကျီစုသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးခင်ဝင်း (ကျောက်တန်း-သန်လျင်)

### အသက် (၇၄) နှစ်

သန်လျင်မြို့၊ အမှုထမ်းရပ်ကွက်၊ ရွှေဝါလမ်းသွယ်(၁)၊ အမှတ်(၇)နေ (ဦးမောင်တင်-ဒေါ်စောမြင့်)တို့၏ သား၊ (ဦးတင်မောင်-ဒေါ်အုန်းကြည်)တို့၏သားသမက်၊ ဒေါ်အေးအေး (မြန်မာ့စီးပွားရေးဘဏ်-ငြိမ်း၊သန်လျင်)၏ ခင်ပွန်း၊ ဦးသောင်းထွဋ်မင်း(CE-Fairway)-ဒေါ်သန္တာဦး၊ ဦးဇော်မိုး(CE-Golden)-ဒေါ်ငြိမ်းငြိမ်းလွင်၊ ဦးဖြိုးဆွေဝင်း (Oiler-Golden Eagle)-ဒေါ်ပိုးပိုးတို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မမိုးမြင့်ရတီခင်၊ မတွယ်တာလမင်းထွဋ်၊ မောင်ပြည့်ဖြိုးဇော်တို့၏ အဘိုးသည် ၂၉-၁-၂၀၂၂ (သောကြာနေ့) နံနက် ၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၁-၂၀၂၂ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် သန်လျင် အမိုးနီသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးကိုလေး (ဟင်္သာတမြို့)

### အသက် (၇၅) နှစ်

ဟင်္သာတမြို့၊ နတ်မော်ရွာနေ (ဦးစိန်ရွှေ-ဒေါ်ကျင်မှုံ)တို့၏ ဒုတိယသား၊ ပဲခူးမြို့နေ (ဦးအာလောင်-ဒေါ်စိန်ကြူ)တို့၏ သားသမက်၊ အမှတ်(၂၇)၊ သုံးလွှာ(B)၊ မလွှကုန်းလမ်း၊ ကျောက်မြောင်းနေ (ဒေါ်ပုလဲဥ)၏ခင်ပွန်း၊ ဦးစိုးမိုးအောင်-ဒေါ်သဇင်ဝတ်မှုံ၊ ဒေါက်တာချယ်ရီဝတ်မှုံတို့၏ကျေးဇူးရှင်ဖခင်ကြီး၊ မောင်အုပ်စိုးအောင်၊ မမေမိုးပြည့်အောင်၊ မပန်းဖြူတို့၏အဘိုး ဦးကိုလေးသည် ၂၉-၁-၂၀၂၂ ရက် နံနက် ၆:၁၃ နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးမြင့်ကြိုင် (ဖျာပုံ)

B.E (Civil)

### အသက် (၇၄) နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၂) ရပ်ကွက်၊ သီရိ(၈)လမ်း၊ တိုက်(၁၉၆)၊ (၅/က)နေ(ဦးကျင်တီ-ဒေါ်မြခင်)တို့၏သား၊ ဒေါ်ခင်ကြွေ၏ ချစ်လှစွာသောခင်ပွန်း၊ ဦးကျော်နိုင်ဦး-ဒေါ်အိသာမြင့်ကြိုင်(ကထိက၊ ပထဝီဝင်ဌာန၊ ပုသိမ်တက္ကသိုလ်)၊ ဦးအောင်ကောင်းမြတ်ထွန်း-ဒေါ်ဇာခြည်မြင့်ကြိုင်(ခေတ္တ-စင်ကာပူ)၊ ဦးဇော်မြင့်ကြိုင်-ဒေါ်သူသူအောင် (ခေတ္တ-စင်ကာပူ)တို့၏ချစ်လှစွာသောမွေးသဖခင်၊ မညွှန်းရတီထက်၊ မောင်ထင်လကျာ်၊ မောင်ဖွဲ့ထက်အောင်တို့၏ ချစ်လှစွာသော အဘိုးသည် ၂၉-၁-၂၀၂၂ ရက် မွန်းလွဲ ၁:၁၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၁-၂၀၂၂ ရက်တွင် ထိန်ပင်သုသာန်၌ သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်တင်တင်ဌေး (ရွှေတောင်)

အလယ်တန်းပြ(ငြိမ်း)

### အသက် (၆၆) နှစ်

ရွှေတောင်မြို့နေ (ဦးထွန်းညွှန့်-ဒေါ်သိန်းရှင်)တို့၏သမီး၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်းရေတွင်းလမ်း၊ အမှတ်(၃)၊ လေးလွှာနေ ဦးသိန်းကြွယ်၏ ချစ်လှစွာသောဇနီး၊ ရန်ကုန်မြို့နေ ဦးမျိုးညွှန့်-ဒေါ်မြင့်မြင့်ဆွေတို့၏ ညီမ၊ ရွှေတောင်မြို့နေ (ဒေါ်ခင်စောကြည်)၊ (ဦးလှမြင့်-ဒေါ်စုစုလှိုင်)တို့၏ ညီမ၊ မောင်ဇော်ထွဋ်-မနှင်းနုဆွေ၊ မောင်ရီဇော်အောင်-မစုမွန်မြင့်တို့၏အဒေါ်၊ မြေးလေးယောက်တို့၏အဘွား ဒေါ်တင်တင်ဌေးသည် ၂၆-၁-၂၀၂၂ (အင်္ဂါနေ့) ညနေ ၆:၄၅ နာရီတွင် ရန်ကုန်မြို့၊ မြောက်ဥက္ကလာပ၊ မေဓာဝီဆေးရုံ၊ သွေးကုသဌာန၊ တော်ဝင်ဆောင်၌ ဆေးကုသမှုခံယူနေစဉ် ကွယ်လွန်သွားပါသဖြင့် ၂၇-၁-၂၀၂၂ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးသိမ်းအောင်

ရဲချုပ် (ငြိမ်း)

### အသက် (၉၁) နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ဘဝမြင့်ရပ်ကွက်၊ မလိခဥယျာဉ်အိမ်ရာ၊ ခြံအမှတ် (၄/၅/၆)၊ ၄၀၊ (၅)လမ်းနေ (ဦးဆင်-ဒေါ်ဒေါ်ပန်း)တို့၏သားကြီး၊ (ဦးကျော်-ဒေါ်မကြီး)တို့၏သားသမက်၊ ဒေါ်တင်တင်မြင့်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးတင်မျိုးမြင့်-ဒေါ်မီမီအောင်၊ ဦးကျော်သက်အောင်-ဒေါ်ဥမ္မာလွင်၊ ဦးလွင်လေးအောင်တို့၏ဖခင်၊ မြေးသုံးယောက်၊ မြစ်တစ်ယောက်တို့၏အဘိုး ဦးသိမ်းအောင် (ရဲချုပ်-ငြိမ်း)သည် ၂၁-၁-၂၀၂၂ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၁-၂၀၂၂ ရက်တွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး မိတ်ဆွေသင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးညွှန့်လွင်

ဒုတိယညွှန်ကြားရေးမှူး (ငြိမ်း)၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(ကထိက) ဗဟိုနိုင်ငံရေးတက္ကသိုလ်လေ့လာရေးနှင့် သုတေသနဦးစီးဌာန

၁၉၉၀ ရန်ကုန်တိုင်းမြို့နယ်စုအထွေထွေရွေးကောက်ပွဲအဖွဲ့ခွဲဥက္ကဋ္ဌ

မြို့နယ်တရားသူကြီးအဖွဲ့ဥက္ကဋ္ဌ၊ သာကေတမြို့နယ် (ငြိမ်း)

မြို့နယ်လုပ်ငန်းစစ်ဆေးရေးအဖွဲ့ဥက္ကဋ္ဌ၊ သာကေတမြို့နယ်(ငြိမ်း)

S.A.T (ငြိမ်း)

ပျဉ်းမနား၊ အထက(၁)

### အသက် (၈၇) နှစ်

နာယက-နေပြည်တော်လယ်ဝေးမြို့နယ်အသင်း(ရန်ကုန်)

ဦးညွှန့်လွင်သည် ၂၈-၁-၂၀၂၂ (ကြာသပတေးနေ့) နံနက် ၄:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမြေး/မြစ်များ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးထွန်းထွန်း (ခ) တော်လျှောင်အန်း

### အသက် (၆၆) နှစ်

ရွှေဟင်္သာကုန်စုံဆိုင်၊ OK ရွှေကျွန်းပွက်ညှက်၊ ငွေစံပယ်ဆန်စက်၊ ငွေသဇင်ဆန်စက်၊ ဝေထွန်းရေခဲစက်

ဧရာဝတီတိုင်းဒေသကြီး၊ မော်လမြိုင်ကျွန်းမြို့၊ (၄) ရပ်ကွက်၊ (၁၁) လမ်း၊ အမှတ်(၂၁)နှင့် ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၁၃)လမ်း၊ အမှတ်(၄၇)နေ (ဦးဟုတ်ပွေ-ဒေါ်ကြည်)တို့၏သား၊ (ဦးအပြန့်)-ဒေါ်အေးကျင်တို့၏ သားသမက်၊ ဒေါ်စီစီဝင်း၏ ချစ်လှစွာသောခင်ပွန်း၊ မန္တယ်သဇင်၊ မောင်ထွန်းစင်ထက်တို့၏ ချစ်လှစွာသောမွေးသဖခင်၊ (ဦးခင်မောင်ကြည်)၊ ဦးမောင်မောင်-ဒေါ်မွှေးမွှေး၊ ဦးမြင့်ဝေ-ဒေါ်သန်းသန်းဆွေတို့၏ညီ၊ ဦးတင်ဝင်း-ဒေါ်နှင်းလဲ့ဝင်း၊ ဦးခင်မောင်စိုး-ဒေါ်ဝင်းဝင်းအေး၊ ဒေါ်လေးလေးခိုင်၊ ဦးညီညီထွန်း-ဒေါ်စောမြတ်စန္ဒာတို့၏အစ်ကို၊ တူ/တူမ ၁၃ ယောက်တို့၏ ချစ်လှစွာသော ဦးလေးသည် ၂၈-၁-၂၀၂၂ (ကြာသပတေးနေ့) မွန်းလွဲ ၂:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၂-၂၀၂၂ (တနင်္လာနေ့) နံနက် ၉ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေကန်၊ မုခ်ဦး ဒါယကာကြီး

## ဦးကျော်သိန်းဇံ

Managing Director

K.T.Z Company Limited

Executive Committee Member

Myanmar Chamber of Commerce for Pharmaceutical & Medical Device

### အသက် (၆၈) နှစ်

အမှတ် (၃၂)၊ မနော်ဟရီလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့နေ (ဦးမြအောင်-ဒေါ်ခင်ကြည်)တို့၏ သား၊ ဒေါက်တာ ဦးကျော်သက် -ဒေါ်အေးအေးခိုင်တို့၏ မောင်၊ (ဦးကျော်တင့်ဆွေ)-ဒေါ်တင်တင်လှတို့၏ အစ်ကို၊ ဒေါက်တာ ဦးနိုင်လင်းထိုက် (Consultant, Nephrology, Midsouth Nephrology Consultant Group)-ဒေါက်တာဒေါ်ရတနာကျော် (Consultant, Pulmonary & Critical Care, Baptist Memorial Hospital, Mississippi and Tenessee)၊ ဦးကျော်ကျော်မြင့် (Director, K.T.Z Company Limited) -ဒေါ်စုဇန်ထွန်း၊ ဦးသန်းဝင်းစိုး-ဒေါ်ထက်ထက်အောင် (Managing Director, Manawhari Pharma Company Limited)၊ ဦးရဲဇာနည်ထွန်း (Founder, Logic Prime Co., Ltd) -ဒေါ်သီရိကျော် (K.T.Z Company Limited)တို့၏ ဦးလေး၊ မောင်သုတ၊ မလင်းရတနာထိုက်၊ မအေမရာမြတ်ချယ်တို့၏ ချစ်လှစွာသောအဘိုး ဦးကျော်သိန်းဇံသည် ၂၈-၁-၂၀၂၂ ရက် နံနက် ၅:၁၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် Pun Hlaing Siloam Hospital ၌ ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၃၀-၁-၂၀၂၂ (စနေနေ့) နံနက် ၁၀ နာရီမှစတင်၍ ၁၁:၄၅ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဝမ်းနည်းစွာဖြင့် အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု


ဝမ်းနည်းကြေကွဲခြင်း

ဦးကျော်သိန်းဇံ

အသက်(၆၈)နှစ်

ဦးကျော်သိန်းဇံ (Managing Director, KTZ Co.,Ltd.) အသက်(၆၈)နှစ်သည် ၂၈.၁.၂၀၂၂(ကြာသပတေးနေ့) နံနက်(၅း၁၀)နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးဇော်မိုးခိုင် + ဒေါက်တာစောနေနွယ်
AA Medical Products Ltd.
(Pacific-AA Group)


အနိစ္စ

သင့်သွေးဖြင့် အသက်ကယ်ပါ

# တတိယအကြိမ်လွှတ်တော် ပထမပုံမှန်အစည်းအဝေးတက်ရောက်ကြမည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံ

**နေပြည်တော် ဇန်နဝါရီ ၂၉**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် တတိယအကြိမ်လွှတ်တော် ပထမပုံမှန်အစည်းအဝေးတက်ရောက်ကြမည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် လွှတ်တော်အဆောက်အဦရှိ ထမင်းစားခန်းမဆောင်၌ ကျန်းမာရေးဝန်ထမ်းများက ကိုဗစ်-၁၉ ကာကွယ်ဆေး COVISHIELD ထိုးနှံပေးကြသည်။

အဆိုပါ ကာကွယ်ဆေးထိုးနှံမှုနှင့်စပ်လျဉ်း၍ လိုအပ်သည်များ ဆောင်ရွက်ပေးနိုင်ရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်နှင့် တာဝန်ရှိသူများက လာရောက်ကြည့်ရှုကြသည်။

ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံခြင်းနှင့်စပ်လျဉ်း၍ နေပြည်တော် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြတ်ဝဏ္ဏာစိုးက “ ဒီနေ့က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေကို ကာကွယ်ဆေးထိုးပေးတာဖြစ်ပါတယ်။ အခုဆေးလာထိုးတဲ့ ကိုယ်စားလှယ်တွေကို သူတို့နေပြည်တော်ကိုရောက်တဲ့ ၂၃ ရက်က တစ်ကြိမ်၊ ၂၈ ရက်ကတစ်ကြိမ် Swab Test ယူပြီး ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ စစ်ဆေးထားပြီးဖြစ်ပါတယ်။ နှစ်ကြိမ်စလုံး Negative ဖြစ်ထားတဲ့ ကိုယ်စားလှယ်တွေကို ဆေးထိုးပေးနေတာ ဖြစ်ပါတယ်။ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးတဲ့အခါမှာလည်း ဆေးမထိုးခင် ကျွန်တော်တို့က သွေးပေါင်ချိန်တိုင်းတယ်။ အပူချိန်တိုင်းတယ်။ သွေးထဲမှာပါဝင်တဲ့ အောက်ဆီဂျင်ပမာဏကိုတိုင်းတယ်။ လိုအပ်ရင် သက်ဆိုင်ရာသမားတော်တွေနဲ့ ပြပေးပါတယ်။ ဆေးထိုးလို့ရတယ်ဆိုမှ ကျွန်တော်တို့ ဆေးထိုးပေးပါတယ်။ ဆေးထိုးပြီးတဲ့အခါမှာလည်း ကိုယ်စားလှယ်ကြီးတွေကို **စာမျက်နှာ ၇ ကော်လံ ၁ သို့ ❐**



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံမှုခံယူစဉ်။

## ကျောက်ကြီးမြို့နယ်၌ အခြေခံအိမ်ထောင်စုများအား ထောက်ပံ့ငွေများပေးအပ်

**ကျောက်ကြီး ဇန်နဝါရီ ၂၉**

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ယနေ့နံနက် ၁၀ နာရီက ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စုများအား စတုတ္ထအကြိမ် ထောက်ပံ့ငွေပေးအပ်ချိန်၌ အကြောင်းအမျိုးမျိုးကြောင့် ကျန်ရှိခဲ့သည့် အိမ်ထောင်စုများအား ထောက်ပံ့ငွေများ ပေးအပ်သည်။

ကျောက်ကြီးမြို့နယ် ရပ်ကွက်/ကျေးရွာအုပ်စုအတွင်းရှိ အခြေခံလူတန်းစားအိမ်ထောင်စု စုစုပေါင်း ၉၆၆၆ စုအား စတုတ္ထအကြိမ်ထိ ထောက်ပံ့ပေးအပ်ခဲ့ပြီးဖြစ်ရာ ယခုနောက်တိုးစာရင်းအရ အိမ်ထောင်စု ၅၈၂၇ စု ကို ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ထောက်ပံ့ပေးအပ်ခြင်းဖြစ်ပြီး **စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❖**



## ကြေးမုံ ယနေ့ ဖတ်စရာ

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်က ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လမှ ဒီဇင်ဘာလအတွင်း အကျဉ်းထောင်၊ အကျဉ်းစခန်းနှင့် အချုပ်ခန်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ခြင်းနှင့်စပ်လျဉ်းသည့် သတင်းထုတ်ပြန်ချက်**

စာမျက်နှာ » ၈

- - - - - - - - - - - - -

**ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ဆေးဘက်ပညာရှင်များနှင့် တရုတ်ဆေးဘက်ပညာရှင်တို့ မျက်နှာချင်းဆိုင်ဆွေးနွေးမှု စတင်**

စာမျက်နှာ » ၁၂



## မကွေးတိုင်းဒေသကြီး၌ ရေနံစိမ်းသယ်ယူခွင့်ဝန်ဆောင်ခများ ငါးနှစ်အတွင်း ငွေကျပ် ၂၈၄၅၇ သန်းကျော်ရရှိ

**မကွေး ဇန်နဝါရီ ၂၉**

မကွေးတိုင်းဒေသကြီးပြင်ပ ရေနံချက်ဖိုများသို့ ရေနံစိမ်းသယ်ယူခွင့်ဝန်ဆောင်ခများကို အစိုးရအဖွဲ့က ဖွဲ့စည်းပုံအခြေခံဥပဒေပါ လုပ်ပိုင်ခွင့်နှင့်အညီ ကောက်ခံခဲ့ရာ ငါးနှစ်အတွင်း ငွေကျပ် ၂၈၄၅၇ ဒသမ ၃၈၀ သန်းရရှိခဲ့ကြောင်း သိရသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ရေနံစည်ပေါင်း ၆၆ သိန်းကျော်(၆၆၆၂၄၁၀ စည်)ကို တိုင်းဒေသကြီးအစိုးရသယ်ယူခွင့်ပြုခဲ့ပြီး ၂၀၁၆ ခုနှစ် ဇွန် ၂ ရက်မှစ၍ ဂါလန် ၅၀ ပါ ရေနံတစ်စည်ကို ငွေကျပ် ၃၀၀၀ နှုန်း၊ ၂၀၁၈ ခုနှစ် အောက်တိုဘာ ၁ ရက်မှစ၍ ငွေကျပ် ၅၀၀၀ နှုန်းဖြင့် သယ်ယူခွင့်ဝန်ဆောင်ခများ ကောက်ခံရာမှ ရရှိခြင်းဖြစ်သည်။

“ခွင့်ပြုထားတဲ့ လုပ်ကွက်တွေ၊ လုပ်ငန်းရှင်တွေဆီကပဲ ကောက်ပါတယ်။ တင်ပြလာတဲ့ သယ်ဆောင်ခွင့်မျှောတွေကို တရားဝင်လုပ်ကွက်ရတဲ့သူတွေရဲ့ နာမည်နဲ့သူ့ရဲ့ကိုယ်စားလှယ်ပါမှ စိစစ်ထုတ်ပေးပါတယ်”ဟု သယံဇာတ၊ သဘာဝပတ်ဝန်းကျင်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီး ဦးမြင့်ဇော်က အခွန်ကောက်ခံမှုနှင့်စပ်လျဉ်း၍ ရှင်းပြသည်။

နှစ်အလိုက် ဝန်ဆောင်ခကောက်ခံရရှိမှုမှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ရေနံစည် ၄၇၀၀၀၀ ကျော်မှ ငွေကျပ် ၁၄၁၉ သန်းကျော်၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ရေနံစည် ၁၀ သိန်းကျော်မှ **စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❍**

